
mgyoe.com

# တဏ်တိုး

## ငွေဆိုတာ ရယ်စရာ




ဒုတိယအကြိမ်

mgyoe.com

mgyoe.com

# တက်တိုး

## ငွေဆိုတာ ရယ်စရာ

အမှန်မှာ ငွေသည် သင်္ကေတမျှသာဖြစ်သည်။ သို့သော် ထိုသင်္ကေတသည် တန်ဖိုးအထည့်ခံရသော သင်္ကေတဖြစ်သဖြင့် သာမန်အမြင်အားဖြင့် သတ္တုပြား၊ စက္ကူချပ်မျှသာဖြစ်သော်လည်း ထို ဒင်္ဂါး၊ ငွေ၊ စက္ကူတို့သည် သာမန်အဖြစ်မှ တန်ဖိုးရှိသော သင်္ကေတပစ္စည်း ဖြစ်လာသည်။ အမေရိကန်စာရေးဆရာမကြီး ဂါးထရုစတိုင်းက “ငွေဆိုတာ လာချင်တဲ့အခါလာ၊ မလာချင်ရင် ဘယ်လို တောင့်တပေမဲ့ မလာပဲနေသည်။ ရယ်စရာအရာဝတ္ထု ဖြစ်သည်” ဟူသောသဘောဖြင့် “ငွေဆိုတာ ရယ်စရာပါ” ဟု ဆိုလေသည်။

ISBN 9789997113139
TT15
9 789997 113139
2,000.00KS

mgyoe.com

ငွေဆိုတာရယ်စရာ၊ တက်တိုး
စာမျက်နှာ ၁၇၂ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ အောက်တိုဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၆ အသိုင်းအဝိုင်းစာပေ၏ ပထမအကြိမ်မှူ၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ငွေဆိုတာရယ်စရာ တက်တိုး

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ကောင်းမှုပြုလိုလျှင် ငွေလိုသည်။ မကောင်းမှုပြုလျှင်လည်း ငွေလိုသည်။ ငွေလိုလျှင် ကောင်းမှုပြု၍ ငွေရစေနိုင်သည်။ မကောင်းမှုပြု၍လည်း ငွေရစေနိုင်သည်။ ထိုနှစ်နည်းတွင် မကောင်းမှုပြု၍ ငွေရှာနည်းသည် မလိုလားအပ်ရုံမျှမက အန္တရာယ်ပေးနိုင်သည်။



mgyoe.com

mgyoe.com

စီးပွားရေး၌ ငွေရလျှင် ပြီးရောဟူ၍ လောဘကို
ပမာနထားပြီး လုပ်ဆောင်လျှင် ကျဆုံးပေလိမ့်မည်။



mgyoe.com

mgyoe.com

# မာတိကာ


– အက်ဆေး၏သဘာဝ (က)
၁။ ငွေဆိုတာ ရယ်စရာ ၁
၂။ စီးပွားရေး၏ အနှစ်သာရ ၆
၃။ လူတိုင်းအရောင်းသမား ၁၁
၄။ နိုင်ငံ့ဂုဏ် လူမျိုးဂုဏ်နှင့် စီးပွားရေး ၁၈
၅။ စိတ်ပျက်ဖွယ် သိပ္ပံပညာ ၂၄
၆။ စီးပွားရေးသစ္စာ ၃၀
၇။ အလုပ်ဂုဏ်ရှာပုံတော် ၃၇
၈။ လက်ဝေခံမှ ကိုယ်ပိုင်လုပ်ကိုင်မှုသို့ ၄၂
၉။ တကယ့်စီးပွားရေးသမား ၄၈
၁၀။ သတင်းအခြေခံအဖွဲ့အစည်းများ ၅၃
၁၁။ နောင်ခေတ်စီးပွားရေးသမားများသို့ ၆၀
၁၂။ လက်လီဆိုင်ကလေးများ ၆၇
၁၃။ တိုယိုတာစနစ် ၇၃


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၄။ | တကယ့်သတ္တိ | ၇၈ |
| ၁၅။ | ကွာဟချက် | ၈၃ |
| ၁၆။ | အမြတ်အစွန်းနှင့် စီးပွားရေးဖြစ်ထွန်းမှု | ၈၉ |
| ၁၇။ | ပုရွက်ဆိတ်နှင့်နံ့ကောင် | ၉၄ |
| ၁၈။ | စီးပွားရေးအာဇာနည် | ၉၉ |
| ၁၉။ | ပင်ကိုသတ္တိအင်အား | ၁၀၅ |
| ၂၀။ | ကြံဆတီထွင် | ၁၁၁ |
| ၂၁။ | ကွန်ပျူတာခေတ် | ၁၁၇ |
| ၂၂။ | ငွေ | ၁၂၃ |
| ၂၃။ | ဈေးကွက်စီးပွားရေး | ၁၂၉ |
| ၂၄။ | ခါအိဖဲန် | ၁၃၃ |
| ၂၅။ | အခါသင့် အခွင့်သာ | ၁၃၈ |
| ၂၆။ | နည်းပညာလေ့လာဆည်းပူးပါ | ၁၄၅ |
| ၂၇။ | သင့်ရာတော်ရာ | ၁၅၁ |
| ၂၈။ | ကြီးကျယ်ခြင်းနှင့် ဂုဏ်မြင့်ခြင်း | ၁၅၇ |
| ၂၉။ | စီးပွားရေးလောက အမျိုးသမီးကဏ္ဍ | ၁၆၂ |
| ၃၀။ | စီးပွားရေးသောင်းကျန်းမှု | ၁၆၇ |


❐

mgyoe.com

mgyoe.com

## အက်ဆေး၏သဘာဝ

"စီးပွားရေးအက်ဆေး" ဟု ကျွန်တော့်ဆောင်းပါးကလေးများကို ခေါ်ထားပါသည်။ ဆိုလိုသည်မှာ စီးပွားရေးကိစ္စများနှင့်ပတ်သက်၍ ရေးသော "အက်ဆေး" များ ဖြစ်ပါသည်ဟူ၍ပင်။ "အက်ဆေး" သည် အင်္ဂလိပ်ဝေါဟာရ ဖြစ်သည်။ ယင်းသည် စင်စစ်အားဖြင့် အင်္ဂလိပ်ဘာသာမှ ပေါက်ဖွားသည့် ဝေါဟာရမဟုတ်ပေ။ ပြင်သစ်ဘာသာစကားလုံး ဖြစ်သည်။ အဓိပ္ပာယ်မှာ "စမ်းသပ်သည်" အစမ်းသဘောမျိုးဖြင့် ရေးသောစာ ဖြစ်သည်။ စမ်း၍ တင်ပြသည်ဟု ဆိုလိုသည်။ အတည်တကျ၊ အတိအကျ ပြောဆိုမှုမပြုဘဲ ရေးသူ၏ အတွေ့အကြုံ၊ အတွေ့အမြင် တစ်ခုခုကိုသော်လည်းကောင်း၊ တစ်ခုထက် ပိုသည့် အကြောင်းခြင်းရာသော်လည်းကောင်း တင်ပြခြင်း ဖြစ်သည်။

"အက်ဆေး" စမ်းကြည့်သည့်သဘောမျိုးဖြင့် စာရေးသူက မိမိ၏တင်ပြချက်ကို ဖော်ပြသည်။ အကြောင်း

mgyoe.com

mgyoe.com



ရုပ်တစ်ခုခု၊ ဖြစ်ရပ်တစ်ခုခုနှင့် ပတ်သက်သည့် မိမိတွေ့ကြုံရ၊ ခံစားရသည့်ဖြစ်ထွေကို ဖော်ပြခြင်း ဖြစ်သည်။ မိမိ၏ အတွေ့အကြုံ၊ အတွေးအမြင်သည်လည်း မိမိ၏၊ တစ်ဦးဦး၏ ဖော်ပြချက် ဖြစ်နိုင်သည်။ သို့တည်းမဟုတ် မိမိနှင့် ဘဝတူ လူအများ၌ ကြုံတွေ့ခံစားချက်ကို အများကိုယ်စားအဖြစ် ဖော်ပြခြင်းလည်း ဖြစ်နိုင်သည်။

အက်ဆေးရေးသူသည် မိမိမှာ သီးသန့်ထူးခြားသည့် အတတ်ပညာရှိ၍ အကြောင်းအရာတစ်ခုခုကို ပညာရှင်၊ ပညာရှိအနေဖြင့် အဆိုအမိန့်ပြုခြင်း မဟုတ်ပေ။ လူပြိန်းတစ်ယောက်က မိမိ၏ကိုယ်ပိုင်အာဘော်ကိုဖြစ်စေ၊ လူများစု၏ဖြစ်ထွေကို မှီ၍ အများတွေ့ကြုံခံစားရသည်ကို လေ့လာပြီးလျှင် မိမိလည်း ထပ်တူထပ်မျှ တွေ့ကြုံခံစားရသည်ကို အများ၏အာဘော်၊ အများ၏ဆန္ဒ၊ အများ၏မျှော်လင့်ချက် စသည်တို့ကို မိမိက ကိုယ်စားပြု၍ အများ၏အာဘော်ဆန္ဒ မျှော်လင့်ချက်၊ မျှော်ကိုးချက် စသည်တို့ကို မိမိတတ်အားသမျှ ဖော်ပြခြင်းမျှသာ ဖြစ်သည်။

"အက်ဆေး" သည် အဆိုအမိန့်၌ အကျုံးမဝင်ပေ။ အစီရင်ခံစာ မှတ်တမ်းအဖြစ်လည်း မဟုတ်တန်ရာ။ အကြံပေးချက်၊ ဆန္ဒကို ဖော်ပြချက် စသည့်အကြောင်းအချက်တို့ကို ဖော်ပြသောကြောင့် ပြည့်စုံချင်မှ ပြည့်စုံပေမည်။ ပညာရှင်၊ ပညာရှိတို့၏အဆိုအမိန့်များကို လေးနက်သော အဓိပ္ပာယ်ဆောင်နိုင်ကောင်းအံ့ မထင်ပေ။ သို့သော် အများနှင့် သက်ဆိုင်သော ဆိုလိုချက်၊ တင်ပြချက်၊ အကြံပြုချက် စသည်တို့ ဖြစ်ကောင်းရာ၏။

mgyoe.com

mgyoe.com



"စီးပွားရေးအက်ဆေး" ဟု ခေါ်လိုက်ခြင်းအားဖြင့် ပညာရှင်၏အာဘော်၊ ပညာရှိ၏အဆိုအမိန့် မဟုတ်ကြောင်း ထင်ရှားပေသည်။ ထိုပုဂ္ဂိုလ်ကြီးများနှင့်ယှဉ်တွဲ၍ ရပ်တည်မှုလည်း မပြုဝံ့။ မပြုလိုပေ။ လူထဲမှ လူတစ်ယောက်က ဘဝတူ၊ ပညာအဆင့် မကွာလှ၊ မသာလှသူ၊ စုံစမ်းလိုသော လူပြိန်းတစ်ယောက်အနေဖြင့် တင်ပြမှုသာ ပြုပါသည်။

ကျွန်တော်သည် စီးပွားရေးပညာကျွမ်းသူ မဟုတ်ပါ။ တတ်ကျွမ်းသူ၏ အာဘော်မျိုးကိုလည်း မဖော်ပြပါ။ ဖော်ပြလည်း မဖော်ပြဝံ့ပါ။ စီးပွားရေးနှင့်ပတ်သက်၍ ဘဝတူ လူအများ၌ တွေ့ကြုံနေကြရသော အတွေ့အကြုံများကို လက်လှမ်းမီသမျှ လေ့လာရန်၊ အများ၏ခံစားချက်ကို အလေးဂရုပြု၍ သူတို့ကို ကိုယ်စား "အသံထွက်ပေးခြင်း" (သူတို့၏ခံစားချက်များနှင့် သူတို့၏မျှော်လင့်တောင့်တချက်များဖြစ်စေလိုသော ဆန္ဒများကို ဖော်ပြခြင်းဟူသော လူတို့အသံကို ထွက်ပေးခြင်း) မျှသာ ဖြစ်ပါသည်။

ယခုစုစည်းပေးလိုက်သော ကျွန်တော်၏စီးပွားရေး အက်ဆေးများသည် စင်စစ်အားဖြင့် သတင်းစာဆောင်းပါးများကဲ့သို့ပင် ဖြစ်သည်။ သတင်းစာ၌ ပင်တိုင်ဆောင်းပါးရှင် တစ်ဦး၏ အရေးအသားမျိုးဖြင့် ရေးထားခြင်းမျှသာ ဖြစ်ပါသည်။ ကျမ်းပြုဆရာတစ်ဦး၏ အရေးအသားမျိုး လုံးဝမဟုတ်ပေ။ ရေးသားဖော်ပြသည့် အကြောင်းအရာများ၊ အချက်အလက်များ၊ ရည်ညွှန်းချက်များ၊ မျှော်လင့်ချက်များ၊ ဝေဖန်ချက်များသည် သာမန်မျှသာဖြစ်သော်လည်း တစ်ခါတစ်ရံ ထိုသာမန်တွေထဲမှ သက်ဆိုင်သူတို့က လှမ်းကြည့်ပြီး

mgyoe.com

mgyoe.com



လျှင် ခေါင်းညိတ်ရန်ဖြစ်စေ၊ ခေါင်းခါရန်ဖြစ်စေ ဖြစ်သွားနိုင်ပေသည်။ ပြုပြင်ပိုင်ခွင့်ရှိသူတို့က ပြုပြင်ရန် အချက်ပေါ်လာနိုင်ပေသည်။ သို့တည်းမဟုတ် ဥပေက္ခာပြုစရာလည်း ဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ စာဖတ်သူတို့က သူတို့ ပြောချင်သည်တို့ကို ဖော်ပြပေးလိုက်သလိုလည်း ဖြစ်ပေသည်။ အချုပ်အားဖြင့် အများသိတန်သမျှ သိပြီးသားကို စာအရေးအသားအဖြစ် ဖတ်ရှုနိုင်ပေမည်သာ ဖြစ်ပေသည်။

❒

mgyoe.com

mgyoe.com

# ငွေဆိုတာ ရယ်စရာ

ပြင်သစ်မှာ အနေကြာသည့် အမေရိကန် စာရေးဆရာမကြီး ဂါးထရုစတိုင်းက "ငွေဆိုတာ ရယ်စရာပါ" ဟု ဆိုသည်။ သူသည် စာရေးတော်၏။ သို့သော် သူ့စာများသည် သာမန် စာဖတ်သူတို့၏ ဦးခေါင်းပေါ် ကျော်သွားတတ်ကြသဖြင့် သူ့စာအုပ်များ ရောင်းရ မတွင်ကျယ်ချေ။ နောက် သူ့အကြောင်းကို သူ့လက်စွဲတော် အမျိုးသမီး ကြီး အတ္ထုပ္ပတ္တိအဖြစ် ရေးထုတ်လိုက်ခါမှ ထိုစာအုပ်သည် ရောင်းရ တွင်ကျယ်သဖြင့် သူ့မှာ စီးပွားရေးဖြောင့်သွားသည်။ သူက ငွေကို ရယ်စရာဟု ဆိုလိုက်ခြင်းမှာ ငွေသည် လိုလားတောင့်တစဉ်က မရောက် လာဘဲ နောင်မှ ရောက်လာသည်။ ငွေရ၍ သူ့စားဝတ်နေရေး ချောင်လည် ၍ လိုချင်ရာရသည်။ လုပ်ချင်ရာကလေးများ လုပ်နိုင်သည်။ "ငွေဆိုတာ လာချင်တဲ့အခါလာ၊ မလာချင်ရင် ဘယ်လိုကြိုးစား ဘယ်လိုတောင့်တ ပေမယ့် မလာဘဲ နေသည်။ ရယ်စရာအရာဝတ္ထုဖြစ်သည်" ဟူသော သဘောဖြင့် ငွေဆိုတာ ရယ်စရာပါဟု ဆိုလိုက်ခြင်း ဖြစ်သည်။

သို့သော် ငွေဆိုတာ ရယ်စရာပါဟု ပေါ့ပြက်ပြက် ပြော၍မရ။

mgyoe.com

mgyoe.com


ငွေသည် လူသားတို့၏ဘဝ၌ အလွန်အရေးပါသည်။ စီးပွားရေး ပညာရှင်အက်ဆေးဆရာ "ရောဂျား ရောဇန်ဘလတ်ထ်" က ဆိုသည်။ ငွေက အကျိုးပြုသောအရာတို့သည် များလှပေ၏။ ထူးခြားကြီးမား လှပေသည်ဟု ဆိုသည်။ ငွေသည် မြို့ကြီးများ တည်ဆောက်ပေးနိုင်ပေ သည်။ ရောဂါဝေဒနာများကို ကုသပေးနိုင်သည်။ အဆုံးစွန်၌ စစ်ကို နိုင်အောင်လုပ်ပေးနိုင်သည်ဟု ဆက်၍ဆိုသည်။

ငွေသည် လောကီရေးရာကိစ္စများတွင် ပစ်ပယ်၍ မရနိုင်အောင် အရေးပါသည်။ လူတို့သည် ငွေကို နေ့ညမဟုတ် အမြဲရှာနေကြသည်။ နည်းအမျိုးစုံသုံး၍ ရှာကြသည်။ အပင်ပန်းခံ၍ ရှာကြသည်။ အချို့သည် သက်စွန့်ကြိုးပမ်း၍ ရှာကြသည်။ ငွေရလျှင် စိတ်ဓာတ်တက်ကြွသည်။ ငွေမရလျှင် စိတ်ဓာတ်ကျသည်။ ငွေသည် အရာဝတ္ထုတို့၏တန်ဖိုးကို ဖြတ်ပေးသည်။ လူ၏တန်ဖိုးကိုပင် ဖြတ်ပေးသည်ဟု ဆိုနိုင်ပေသည်။ လူ့အဆင့်အတန်းကို အထင်အရှား သတ်မှတ်ပေးသည်မှာ ငွေဖြစ်၏။ ငွေရှင်ကြေးရှင်တို့သည် လူ့အဖွဲ့အစည်းတိုင်းမှာ လူရာဝင်ကြသည်။ ငွေမရှိသော ပညာရှင်သည် မိမိ၏တန်ဖိုး မဖြတ်နိုင်လောက်အောင် ကြီးမြတ်သောပညာကို ရင်ဝယ်ပိုက်၍ မွဲတေနေသည်။

လူသားတို့သည် တစ်ဦးကို တစ်ဦးက အပြန်အလှန် မှီခိုနေကြ သည်။ တစ်ဦးလိုသောပစ္စည်းကို အခြားတစ်ဦးက ပြုလုပ်ပေးသည်။ ထုတ်လုပ်ပေးသည်။ အခြားတစ်ဦးက လိုသောကိစ္စတစ်ခုကို အခြား တစ်ဦးက ဆောင်ရွက်ပေးသည်။ ယင်းသို့လျှင် အပေးအယူများ လုပ်ကာ လူ့ဘဝမှာ အဆင်ပြေ အခြေလှအောင် လုပ်ဆောင်လျက်ရှိကြသည်။ ထိုအမျိုးမျိုးသော လိုအင်ဆန္ဒများကြောင့် စီးပွားရေးဟူသော ဖြစ်ရပ် ပေါ်ပေါက်လာရသည်။ ပစ္စည်းနှင့် လဲလှယ်ရန်ဖြစ်စေ ဆောင်ရွက်မှုနှင့် လဲလှယ်ရန်ဖြစ်စေ အလယ်တွင် လူးလာပျံသန်းနေသည့် အရာသည်

mgyoe.com

mgyoe.com


ကား "ငွေ" ဖြစ်ပေသည်။ အလဲအလှယ်ပြုမှုတို့က "ဈေးကွက်" တို့ကို ဖော်ထုတ်ကြသည်။ ရောင်းဝယ်မှုနှင့် ဝန်ဆောင်မှုတို့သည် စီးပွားရေး၏ အင်္ဂါရပ်များဖြစ်ရာ ထိုအမှုတို့ကို ပြေလည်စွာ လုပ်ဆောင်နိုင်ရန် ငွေက ဆောင်ရွက်ပေးသည်။ လူမှုရေးကိစ္စမှန်သမျှတွင် ငွေမပါလျှင် မဖြစ်မြောက်နိုင်ပေ။ အရာရာနှင့် ကိစ္စအရပ်ရပ်တို့တွင် ငွေသည် အဓိကထောက်ပံ့မှုပစ္စည်း ဖြစ်သည်။ ကောင်းမှုပြုလိုလျှင် ငွေလိုသည်။ မကောင်းမှုပြုလျှင်လည်း ငွေလိုသည်။ ငွေလိုလျှင် ကောင်းမှုပြု၍ ငွေရစေနိုင်သည်။ မကောင်းမှုပြု၍လည်း ငွေရစေနိုင်သည်။ ထိုနှစ်နည်းတွင် မကောင်းမှုပြု၍ ငွေရှာနည်းသည် မလိုလားအပ်ရုံမျှမက အန္တရာယ်ပေးနိုင်သည်။ မကောင်းမှုပြုသူတို့၌လည်း အန္တရာယ်ကြီးစွာရှိ၏။ အန္တရာယ်ကို မကြောက်ဘဲ ငွေရရေးကိုသာ အာရုံပြု၍ ဇွတ်နှစ်၍ မတရားမှု၊ မသမာမှု၊ ရက်စက်မှုတို့ဖြင့် ငွေကို အရရှာကြလေတော့သည်။

ပုထုဇဉ်တို့သည် လောဘနှင့် မကင်းကြပေ။ လောဘနှစ်မျိုးရှိသည်။ မျှတသောလောဘ (သမလောဘ) နှင့် မမျှတသောလောဘ (ဝိသမလောဘ) တို့ဖြစ်သည်။ မိမိရသင့်သော ပစ္စည်းဥစ္စာကို ရယူခြင်း သမလောဘမှလွန်၍ မရသင့်သော သူတစ်ပါးထံမှ နည်းပရိယာယ်အမျိုးမျိုးတို့ဖြင့် ရယူသော ဝိသမလောဘကို ပုထုဇဉ် သူတော်ကောင်းတို့ ရှောင်ကြ၏။ ပစ္စည်းဥစ္စာများကို ငွေဖြင့် တန်ဖိုးဖြတ်ကြသည့်အလျောက် ငွေသည် လောဘကြီးသူတို့၏ သည်းခြေကြိုက် အစာဖြစ်၏။ မည်သည့်ပစ္စည်းဥစ္စာ မည်သည့်အကြောင်းအရာပင်ဖြစ်စေ နောက်ဆုံးကိန်းသည် ငွေဖြစ်၍ အရာရာတွင် ငွေက စကားပြောသည်။

အမှန်မှာ ငွေသည် သင်္ကေတမျှသာ ဖြစ်သည်။ သို့သော် ထိုသင်္ကေတသည် တန်ဖိုးအထည့်ခံရသော သင်္ကေတဖြစ်သဖြင့် သာမန်

mgyoe.com

mgyoe.com


အမြင်အားဖြင့် သတ္တုပြား၊ စက္ကူချပ်မျှသာ ဖြစ်သော်လည်း ထိုဒင်္ဂါး၊ ငွေ၊ စက္ကူတို့သည် သာမန်အဖြစ်မှ တန်ဖိုးရှိသော သင်္ကေတပစ္စည်း ဖြစ်လာ၏။ ထိုတန်ဖိုးသွတ်သွင်းခြင်း သင်္ကေတက တစ်ဖန် အခြား ပစ္စည်းအားလုံးကို တန်ဖိုးသင့် ပေးနိုင်သောသတ္တိ ရှိသည်။ လူလောက တစ်ဝန်းလုံးတွင် နေရာဒေသအလိုက်၊ လူမျိုးစုအဖွဲ့အစည်း (နိုင်ငံ) အလိုက် အပေါ်ယံ တန်ဖိုးသတ်မှတ်ထားသော်လည်း ထိုတန်ဖိုးသင့်နိုင် သော သတ္တိသည် ရှိနေပေသည်။ ထို့ကြောင့် ငွေဆိုလျှင် ကမ္ဘာသူ ကမ္ဘာသား လူအားလုံးတို့ ခေါင်းထောင်ကြည့်ကြသည်။ ငွေ သတ်မှတ် လိုက်သော တန်ဖိုးသည် သတ်မှတ်သောတန်ဖိုးမျှသာ ဖြစ်သည်။ အရင်း အစစ်တန်ဖိုး မဟုတ်ချေ။ သို့သော် ထိုအပေါ်ယံ တန်ဖိုးနှင့် ရုပ်ပိုင်းဘဝ တွင် စခန်းသွားနေကြသည်။

ငွေသည် ကောင်းကျိုးကို ပြုနိုင်၏။ ဆိုးကျိုးကိုလည်း ပြုနိုင် သည်။ ကောင်းကျိုး ဆိုးကျိုး ဒွန်တွဲ၍လည်း ပြုနိုင်၏။ ကိုင်တွယ် သုံးစွဲသူအပေါ်၌ တည်သည်။ ကောင်းကျိုးဖြစ်ရာ ဖြစ်ကြောင်းအတွက် အသုံးပြုလျှင် ငွေတန်ဖိုးသည် မြင့်မြတ်၏။ ဆိုးကျိုးဖြစ်စေရန် အသုံးပြု လျှင် ငွေတန်ဖိုးသည် ယုတ်ညံ့၏။ ငွေသည် မြွေနှင့်တူ၏ဟု ဗုဒ္ဓမြတ်စွာ မိန့်ဆိုတော်မူ၏။ ငွေကို နတ်မင်းကြီးတစ်ပါးသဖွယ် ကိုးကွယ်သူများ လည်း ရှိကြသည်။ ငွေကို ကျစ်ကျစ်ပါအောင် စုဆောင်းသူများရှိသလို၊ ငွေကို ရေလို သုံးဖြုန်းပစ်သူများလည်း ရှိသည်။ စင်စစ်အားဖြင့် ငွေသည် သုံးသူ၏ အလိုကိုလိုက်ရသည်။ တစ်ဖန် သုံးလိုသူတို့ကလည်း ငွေကို အမျိုးမျိုး ကြိုးပမ်းအားထုတ်၍ ရယူနိုင်ရန် ငွေ အလိုကို လိုက်ကြရသည်။ ငွေမျက်နှာထောက်ပြီး သူတစ်ပါး မလုပ်ရဲ၊ မလုပ်ချင်သော အလုပ်မျိုးကို အားကြိုးမာန်တက်လုပ်ကြသည်။ အချို့မှာမူ ငွေကို မျက်နှာဖုံးအဖြစ် စွပ်လိုက်ပြီးလျှင် ပကာသနဟူသော အပေါ်ယံ ဂုဏ်တုဂုဏ်ယောင်တို့၏

mgyoe.com

mgyoe.com


အောက်တွင် မျက်နှာပန်းလှနေကြသည်။ ယင်းသို့သော အကြောင်းတို့ကို ထောက်ရှု၍ စာရေး ဆရာမကြီး ဂါးထရုစတိုင်း ပြောသလို "ငွေဆိုတာ ရယ်စရာပါ" ဟူ၍ ပင် ဖြစ်လေမလား။

❒

mgyoe.com

mgyoe.com

# စီးပွားရေး၏ အနှစ်သာရ

"စီးပွားရေးလုပ်ငန်းကို ကြည့်ရန် နည်းနှစ်နည်း ရှိသည်။ ပထမနည်းမှာ စီးပွားရေးလုပ်ငန်းသည် ငွေရစေရန် လုပ်ဆောင်ခြင်း ဖြစ်သည်။ ယင်းသည် အရင်းအစ ရည်ရွယ်ချက်ဖြစ်၏။ ဒုတိယနည်းမှာမူ စီးပွားရေးလုပ်ငန်းသည် လူအများ၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်းရန် ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှု ပြုလုပ်ခြင်းတို့အတွက် ဖြစ်သည်။ ယင်းသည် အဓိကရည်ရွယ်ချက် ဖြစ်ပေသည်" ဟု ဆောင်းပါးရှင် ဂေးပီးမဲန်၊ ဒိုးဇားက "ကမ္ဘာ့စီးပွားရေးလုပ်ငန်းရှင် စာပဒေသာ" (World Executive Digest) ၁၉၉၁ ခု၊ စက်တင်ဘာလ ထုတ်စာစောင်တွင် ဆိုလေသည်။

ဆောင်းပါးရှင်က ၁၉၈၀ ပြည့်၊ ဆယ်စုနှစ်ကာလအတွင်း၌ အမေရိကန်တို့က စီးပွားရေးသည် ငွေရရန်ဖြစ်သည်ဟူသော အမြင်ဖြင့် လုပ်ဆောင်ကြရာ ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် အမေရိကန် စီးပွားရေး အခြေအနေသည် ယုတ်လျော့လာချေသည်။ ကမ္ဘာ့စီးပွားရေးလောက၌ အမေရိကန်တို့ ကြီးစိုးခြင်း ကျဆင်းလာလေတော့သည်။ ထိုအခိုက်

mgyoe.com

mgyoe.com


အခါမှာပင် ဂျပန်တို့က စီးပွားရေးကို ဒုတိယနည်းဖြင့် သုံးသပ်လုပ်ဆောင်ကြသောကြောင့် ကမ္ဘာ့စီးပွားရေး ဈေးကွက်များ၌ တွင်ကျယ်စိုးမိုးလာကြလေသည်။

အမေရိကန် ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၉ ခုနှစ်အထိ ဆယ်စုနှစ်များကာလအတွင်း၌ စီးပွားရေးလုပ်ငန်း ဗဟိုဌာနသည် "ဝေါလ် စထရိ" (Wall Street) စီးပွားရေးလမ်းမကြီးမှာပင် ဖြစ်သည်။ စီးပွားရေးလုပ်ငန်းကြီးများကို ထိုငွေကြေးကစားရာ ဌာနကြီးမှာသာ လုပ်ဆောင်ကြသည်။

အမေရိကန် စီးပွားရေးလောကတွင် ထိုဆယ်စုနှစ်ကာလအတွင်း၌ ကုမ္ပဏီများကို သိမ်းကျုံးဝယ်ယူမှုများ ပြုကြသည်။ ရှယ်ယာဈေးနှုန်း နည်းသော ကုမ္ပဏီများမှ ရှယ်ယာများစွာ ဝယ်ယူပြီးနောက် ကုမ္ပဏီတစ်ခုလုံး ဝယ်လိုက်မည်ဟု ဟိန်းဟောက်ခြင်းဖြင့် ထိုကုမ္ပဏီတို့၏ ရှယ်ယာဈေးနှုန်းများ တစ်ဟုန်ထိုးတက်သွားလေရာ ရှယ်ယာများကို ပြန်ရောင်းခြင်းဖြင့် ဒေါ်လာသန်းပေါင်း များစွာအမြတ်ရလိုက်သော စီးပွားရေးသမားတို့ ပေါ်ပေါက်ထွန်းကားလာကြသည်။ ရှင်းရှင်းဆိုရပါမူ ငွေကစားမှုပြုကာ မတရား အမြတ်ထုတ်ခြင်းပင် ဖြစ်သည်။

ထိုကိစ္စနှင့်ပတ်သက်၍ ဂျပန်ကုမ္ပဏီကြီးတစ်ခုဖြစ်သော "ဆိုနီ" ကုမ္ပဏီဥက္ကဋ္ဌ အာကီယို မောရိတားက "တကယ့်စီးပွားရေးလုပ်ငန်းဆိုတာ ကုန်ပစ္စည်းတို့ရဲ့ အရည်အသွေး တန်ဖိုးတိုးတက်အောင်လုပ်တဲ့ လုပ်ငန်းပဲ။ အမေရိက ကတော့ ကုန်ပစ္စည်းများကို ထုတ်လုပ်ဖို့ မလုပ်တော့ဘူး။ ငွေကစားပြီး အမြတ်ထုတ်ဖို့သာ နှစ်နှစ်ကာကာ သဘောထားပြီး လုပ်နေကြတယ်" ဟု ဆိုလေသည်။

အမေရိကန်နိုင်ငံ၌ စီးပွားရေးအတွက် အပြင်းအထန် တွန်းအားပေးပြီး စောင့်ရှောက်ကာကွယ်နေသည့် ဖော်ကျူးန် (Fortune) မဂ္ဂဇင်းက

mgyoe.com

mgyoe.com


၁၉၈၀ ဆယ်စုနှစ်ကာလကို "လောဘဆယ်စုနှစ်ကာလ" ဟု သတ်မှတ်လေသည်။

အမေရိကန်တို့က ငွေကစားပြီး အမြတ်ထုတ်မှုပြုခိုက်မှာ ဂျပန်တို့က ကုန်ပစ္စည်းသစ်များ ထုတ်လုပ်ရေး၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်ကို တတ်နိုင်သမျှ ချုံ့၍ အချိန်တိုတိုနှင့် ကုန်ထုတ်ရေး၊ ကုန်ဈေးနှုန်းများ အပြိုင်အဆိုင် လျှော့ချရေး၊ ကုန်ပစ္စည်းများ၏ အရည်အသွေး တိုးတက်၍ အရေအတွက် မြောက်မြားစွာ ထုတ်လုပ်ရေး စသည့် ဒုတိယနည်းလမ်းကိုလိုက်၍ အရင်းအနှီးများ မြှုပ်နှံလျက် လုပ်ဆောင်ကြသည်။

၁၉၈၅ ခုနှစ်တွင် အမေရိကန် စီးပွားရေး၌ အရင်းအနှီးအဖြစ် ဒေါ်လာသန်းလေးထောင် မြှုပ်နှံသည်။ ဂျပန်ကမူ ဒေါ်လာသန်းနှစ်ထောင်ကျော်ကလေးမျှသာ မြှုပ်နှံသည်။ ၁၉၈၈ ခုနှစ်တွင် ဂျပန်က တစ်နှစ်လျှင် ဒေါ်လာသန်းငါးထောင်မှစ၍ နှစ်စဉ် တိုးတက်မြှုပ်နှံကာ အမေရိကန်ကို ကျော်တက်သွားသည်။

ထိုဆယ်စုနှစ်အတွင်းတွင် ဂျပန်ကုန်ပစ္စည်းတို့သည် အမေရိကန်နိုင်ငံ ဈေးကွက်ထဲသို့ ဝင်ရောက်တွင်ကျယ်လာကြသည်။ ကွန်ပျူတာများ၊ လျှပ်စစ်ပစ္စည်းများ၊ မော်တော်ကားများနှင့် အိမ်သုံးပစ္စည်းများစွာတို့သည် အမေရိကန်ထုတ်တို့ထက် ပို၍ ဈေးနှုန်းသက်သာ၍ အရည်အသွေး ကောင်းမွန်သောကြောင့် တွင်ကျယ်ကြလေသည်။

ဂျပန်၏ အောင်မြင်မှုသည် ငွေကြေးရရေးထက် ပစ္စည်းဝယ်ယူသူတို့အဖို့ တန်ရာတန်ဖိုး ပေးဝယ်ရသည်ဟူသော အသိဖြင့် ကျေနပ်မှုရစေရေးကို အလေးပိုသောကြောင့် ဖြစ်သည်။ ထိုသဘောထားနှင့် စေတနာသည် စီးပွားရေးလောက၌ စံယူအပ်သောအချက်တစ်ရပ် ဖြစ်သည်။ စီးပွားရေးလုပ်ငန်းပမာဏကို အပထား၍ ကုန်ထုတ်လုပ်သူများနှင့် ကုန်ရောင်းဝယ်သူများ ခံယူရန် လိုအပ်လှပေသည်။

mgyoe.com

mgyoe.com


ဒုတိယကမ္ဘာစစ်အပြီးတွင် ဂျပန်သည် ပြာပုံထဲသို့ ရောက်ရ၏။ နှစ်ဆယ်ရာစုနှစ် ပထမနှစ်ဝက်အဆုံး ဒုတိယနှစ်ဝက်အတွင်းတွင် ဂျပန်သည် ပြာပုံမှပြန်၍ အသက်ဝင်လာပြီးလျှင် တောင်ပံဖြန့်၍ ပျံသန်းနိုင်သော ဖီးနစ်ငှက်ပမာ ဘဝသစ်ကို ထူထောင်၍ စစ်နိုင်သော အမေရိကန်ကို စီးပွားရေးဖြင့် အနိုင်ယူလျက် ရှိပေသည်။ ယင်းသို့ နိုင်ခြင်းသည် မသမာမှုဖြင့် နိုင်ခြင်းမဟုတ်ပေ။ အရည်အသွေးဖြင့် ရရှိသော အောင်နိုင်မှုပင် ဖြစ်သည်။

ဂျပန်စီးပွားရေးသမိုင်းကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာ၍ စံတင်အပ်သော အကြောင်းအချက်များကို ဖော်ထုတ်ကာ စီးပွားရေး လက်တွေ့သင်ခန်းစာများပါရှိသော သုတေသနစာစောင်ပြုစုရန် မြန်မာ့စီးပွားရေးသုတေသီတစ်ဦးဦးကဖြစ်စေ၊ တစ်ဖွဲ့ဖွဲ့ကဖြစ်စေ ဆောင်ရွက်စေ လိုပါသည်။

သိမှတ်မိသမျှ ဆိုရပါမူ ဂျပန်သည် ဒုတိယကမ္ဘာစစ်မဖြစ်မီက ကြီးပွားရေး၊ စီးပွားရေးတို့တွင် အတော်ပင် နောက်ကျခဲ့လေသည်။ ထိုစဉ်က အုပ်ချုပ်ရေးကြောင့် ဖြစ်သည်ဟု ဆိုသည်။ စစ်ဝါဒီတို့ ကြီးစိုးခိုက်ဖြစ်သောကြောင့် လွတ်လပ်မှု ခေါင်းပါးသည့် အလျောက် တိုးတက်ရေး၌ အခြေမလှဖြစ်ရချေသည်။ ဒုတိယကမ္ဘာ စစ်အပြီး ဂျပန်တို့ စစ်ရှုံးခြင်းသည် သူတို့အဖို့ တစ်နည်းအားဖြင့် လာဘ်ရတနာကြီး ဖြစ်လာလေတော့သည်။ ပြည်သူတို့၏ ပင်ကို ဝီရိယစွမ်း၊ ဉာဏ်စွမ်းတို့နှင့် စည်းကမ်းစနစ် ကျနမှုတို့ကြောင့် ဂျပန်၏ တိုးတက်မှုသည် ယခုအခါ မော်ကွန်းတင်ဖွယ် ဖြစ်နေပေသည်။

စီးပွားရေး လောဘကို ပဓာနထားပြီး ငွေရလျှင်ပြီးရောဟူသော ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်လျှင် ကျဆင်းရုံမျှသာ ရှိချေမည်။ ဝိသမလောဘကြောင့် စီးပွားရေးလောကတွင် ကျဆုံးမှုများ အကြီးအကျယ်

mgyoe.com

mgyoe.com


ဖြစ်ပွားလာရချေသည်။ စီးပွားရေးသည် လူ့လောကတွင် အရေးအပါဆုံး ကိစ္စတစ်ရပ်ဖြစ်ရာ စီးပွားရေးသောင်းကျန်းလျှင် ဒုက္ခတော်ခံကြရမည်သာ ဖြစ်သည်။ နိုင်ငံစီးပွားရေး လမ်းမှန်မှ တိုးတက်ပေလိမ့်မည်။ မှန်ကန်သော စီးပွားရေးဆောင်ရွက်မှုသည် အရေးပါလှသည်။ မူမမှန်သော စီးပွားရေးတိုးတက်မှုသည် အပေါ်ယံအမြင်ကောင်းလှမည်။ နောင်မကြာမီတွင်ပင် ဒုက္ခရောက်ကြရသည့် ဖြုန်းဖြုန်းကျသည့်အခါတွင် အပြင်ပန်းအလှ ပျောက်ကွယ်၍ အရုပ်ဆိုးသော အတွင်းရေးတို့ ပေါ်ထွက်လာပြီးလျှင် အများကဲ့ရဲ့ဖွယ်ဖြစ်ချေသည်။ စီးပွားရေး၏ အနှစ်သာရသည် ငွေကြေးအမြတ်ရရုံမျှသာမက လူအများတို့၌ လိုအပ်သော ပစ္စည်းပစ္စယများကို တန်ရာ တန်ဖိုးပေး၍ ဝယ်ယူနိုင်ရန် ထုတ်လုပ်ရောင်းချရေးပင် ဖြစ်သည်။ ဝိသမလောဘကို ရှောင်၍ သမလောဘဖြင့် လူမှုဝန်ထမ်းလုပ်ငန်းတစ်ရပ်ဖြစ်မှသာ လူသား အားလုံး အဖို့ အကျိုးထူးရရှိပေမည်။

အမေရိကန်စီးပွားရေးနှင့် ဂျပန်စီးပွားရေးတို့၏ သဘောသဘာဝကို နှိုင်းယှဉ်၍ ဝိသမလောဘကို မူအားဖြင့် ရှောင်ကြဉ်ရန် လိုအပ်ပေသည်။

□

mgyoe.com

mgyoe.com

# လူတိုင်းအရောင်းသမား

"လူတိုင်းအရောင်းသမား" ဟုဆိုလျှင် နားမလည်သူတွေ များစွာရှိသည်။ "ငါက ကျောင်းဆရာပဲ၊ အရောင်းအဝယ် လုပ်တာမှ မဟုတ်တာ" ဟု ကျောင်းဆရာက ဆိုလိမ့်မည်။ ထိုနည်းအတူ ဆရာဝန်၊ အင်ဂျင်နီယာ၊ ရှေ့နေ စသည့် အတတ်ပညာရှင်တို့က ဆိုပေလိမ့်မည်။ သူတို့သည် "အရောင်းသမား" ဟု အခေါ်ခံရမှာ မနှစ်သက်ကြပေ။ သူတို့နှင့်တကွ အခြားအခြားသော ပုဂ္ဂိုလ်တို့လည်း မနှစ်သက်ကြပေ။ သူတို့နှစ်သက်ကြမည် မဟုတ်သော်လည်း စိစစ်ကြည့်လိုက်လျှင် လူတိုင်းသည် "အရောင်းသမား" ဖြစ်ကြောင်း သိနိုင်ပေလိမ့်မည်။ ဆိုကြပါစို့။ ယုတ်စွအဆုံး တောင်းရမ်းစားသူတို့ပင်လျှင် အရောင်းသမားများ ဖြစ်သည်။ "အစ်ကိုကြီး အစ်မကြီးတို့ တစ်ကျပ်တစ်ပြား သနားကြပါ" ဟု တဖွဖွ ဆိုညည်း၍ တောင်းရာ၌ တောင်းသူက သူ၏ဆင်းရဲခြင်းကို စေတနာရှင်တို့အား ရောင်းစားနေခြင်းပင် ဖြစ်၏။

စီးပွားရေးဆရာတို့က လူတိုင်းအရောင်းသမားဖြစ်ကြောင်း ဖွင့်ဆိုကြသည်။ ပညာရှင်တို့က သူတို့ပညာကို ရောင်းစားကြသည်။

mgyoe.com

mgyoe.com


ဉာဏဝန်ထမ်းတို့က သူတို့ပညာကို ရောင်းစားကြသည်။ ကာယဝန်ထမ်းတို့က သူတို့၏အင်အားကို ရောင်းစားကြသည်။ လက်ကြောတင်းအောင် မလုပ်ချင်ဘဲ သူတစ်ပါးအပေါ် လိမ်ညာစားသူတို့ပင်လျှင် သူတို့၏ လိမ်ညာခြင်းကို ယုံလွယ်သူတို့အား ရောင်းစားကြသည်။ သူခိုး၊ ဓားပြတို့ပင်လျှင် သူတို့၏အစမ္မအမူအကျင့်တို့ကို ရောင်းစားကြသည်။ အရောင်းသမား မဟုတ်သူဟူ၍ မရှိပေ။

သို့သော် ရောင်းတတ်ဖို့ အလွန်လိုသည်။ အရောင်းတတ်သူသည် များများရောင်းရသည့်အလျောက် ဝင်ငွေများများရသည်။ ထို့ကြောင့် လူတို့သည် ငယ်စဉ်ကတည်းက ကျောင်းတွင် ပညာသင်ကြရသည်။ အတတ်ပညာ သင်ကြရသည်။ မိမိ၏ပစ္စည်း (ဘယ်ပစ္စည်းမျိုးပဲဖြစ်ဖြစ်) ကို ရောင်းရတွင်ကျယ်စေလိုလျှင် "ပီယဆေး" ဆောင်ရသည်။ ယင်းပီယဆေးသည်ကား လူအများနှင့် လိုက်လျောညီထွေကျင့်တတ်ခြင်းပင် ဖြစ်သည်။

လူအမျိုးမျိုးနှင့် ဆက်ဆံရသည့်ကိစ္စသည် မလွယ်လှပေ။ လိမ္မာပါးနပ်ဖို့ လိုသည်။ သည်းခံမှု အရင်းခံဖို့ လိုသည်။ လူအားလုံးအပေါ်တွင် မေတ္တာစေတနာရှိဖို့ လိုသည်။ အညံ့ခံဖို့မဟုတ်။ ရပ်တည်မှုခိုင်ခံ့လျက် နှိမ့်ချဖို့ လိုသည်။ စေတနာမှန်ကန်စွာ ဖော်ရွေဖို့လည်း လိုသည်။ သူတစ်ပါး၏အလိုကို တတ်အားသမျှ ဖြည့်ရန် အသင့်ရှိရပေမည်။ စီးပွားရေးသမားအစစ်သည် အကွက်ဆိုက်လျှင် အမြတ်ထုတ်သူမဟုတ်၊ သူတစ်ပါး၏အကျိုးကိုဆောင်ကာ မိမိအကျိုးအောင်စေရန် အားထုတ်ရပေမည်။

ယင်းသို့သော ဂုဏ်များဖြင့် ပြည့်စုံသော စီးပွားရေးသမားကို စီးပွားရေးလောကမှာ ရှာကြည့်စမ်းပါ။ တွေ့ဖို့ ခဲယဉ်းသည်။ ယင်းသို့သော စီးပွားရေးသမားသည် "ရှားပါးသတ္တဝါ" ဖြစ်နေချေသည်။ ယခု

mgyoe.com

mgyoe.com


စီးပွားရေးလောကသည် ဝိသမလောဘရှင်များ ပေါများသည့် လောက ဖြစ်နေချေသည်။

"စီးပွားရေးလုပ်ဖို့ အရင်းအနှီးစိုက်ထုတ်လုပ်ကိုင်နေတာဟာ ငွေများများရဖို့၊ သူများအိတ်ထဲက ပိုက်ဆံကိုယ့်အိတ်ထဲရောက်ဖို့က အရေးကြီးတယ်၊ အဲဒါဟာ ပဓာနရည်ရွယ်ချက်ပဲ" ထိုစကားကို နှုတ်က ဆိုမှု မပြုသော်လည်း ရင်ထဲမှာ အမြဲကျယ်လောင်စွာ အော်နေသည်။

စီးပွားရေးမှာ အောင်မြင်ဖို့ဆိုသည်မှာ ငွေတွေ အပြုံလိုက် ဝင်စေဖို့ကို ဆိုလိုသည်။ အဆက်ကောင်းကောင်း၊ အရင်းအနှီးများများ ဖြင့် တည်ဆောက်သော စီးပွားရေးလုပ်ငန်းအဖွဲ့ (ကုမ္ပဏီ) များတွင် ဗျူရိုကရေစီစနစ် ထွန်းကားလျက်ရှိ၏။ အစိုးရအဖွဲ့များတွင် ရှိနေသော ဗျူရိုကရေစီစနစ်ထက် ပို၍ ကြီးကျယ်သည်။ ဒါရိုက်တာ များစွာတို့ သည် အရာရှိကြီးများသဖွယ် တင့်တယ်စွာ စံပျော်နေကြသည်။

ဗျူရိုကရေစီစနစ်သည် မည်သည့်အဖွဲ့အစည်းမှာမဆို ကင်ဆာ ပိုးများကဲ့သို့ အန္တရာယ်ကြီးမားလှသည်။ အဖွဲ့အစည်းသေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုသည် အဓိက ဖြစ်သည်။ စီမံ ခန့်ခွဲမှုနှင့် အုပ်ချုပ်မှုတို့သည် တစ်သားတည်း ဖြစ်သည်။ အုပ်ချုပ်သူ မန်နေဂျာသည် စည်းကမ်းထိန်းသိမ်းမှုနှင့် စီမံခန့်ခွဲမှုတို့ကို တစ်ပါးတည်း တွဲ၍ ကိုင်တွယ်ရသည်။ စီမံအုပ်ချုပ်သူ မန်နေဂျာသည် အလုပ်သမား များအား ဖော်ရွေရင်းနှီးမှုနှင့် စည်းကမ်းထိန်းကြပ်မှုတို့ကို ပူးတွဲရောနှော သည့် စည်းရုံးမှု၌ ကျွမ်းကျင်လိမ္မာရပေမည်။ အကင်းပါး၍ အကွက်မြင် ရမည်။ လုပ်ငန်းအခြေအနေ အမြဲရှင်သန်တက်ကြွရှင်လန်းစေရန် မဟောင်းစေဘဲ မညှိုးနွမ်းစေဘဲ အမြဲသစ်အသွင် ဆောင်လေအောင် ကြံဆောင်ရပေမည်။

မန်နေဂျာသည် အရာရှိစိတ်ဝင်နေလျှင် သူ့ပျက်စီးရာလမ်းကို

mgyoe.com

mgyoe.com


သူထွင်နေရာကျသည်။ လုပ်သားများကို စည်းလုံးညီညွတ်စေရန် ဆက်ဆံမှု အဆင်ပြေအောင် အခြေအနေများကို ဖန်တီးပေးနိုင်ရမည်။ စီးပွားရေးလုပ်ငန်း၌ စာရင်းအင်းများ စနစ်တကျရှိစေရန် လိုအပ်သော်လည်း ရုံးများတွင်သုံးသော "ကြိုးနီစနစ်" မဖြစ်ထွန်းစေရပေ။

မန်နေဂျာသည် အဓိက "အရောင်းသမား" ဖြစ်သည်။ တစ်ဖက်တွင် လုပ်ငန်းခွင်၌ အရာရာတွင် အဆင်ပြေ၍ လုပ်သားများ စိတ်အားထက်သန်မှု ထွန်းကားစေရန် လိုအပ်သည်နှင့်အမျှ အများပြည်သူနှင့် ဆက်ဆံမှုတွင်လည်း အဆင်ပြေရန် လိုအပ်ပေသည်။ တစ်နည်းဆိုသော် မန်နေဂျာသည် လူအများကို "ကိုင်တွယ်" မှု၌ အထူးကျွမ်းကျင်ရပေမည်။

အဖွဲ့အစည်းကြီးများ၌ မန်နေဂျာတို့သည် ဒါရိုက်တာတို့ လက်အောက်တွင် အမှုထမ်းကြရသည်။ ဒါရိုက်တာများစွာသည် အရည်အချင်းပြည့်ဝသော လူတော် မန်နေဂျာက ရာထူးတက်၍ နေရာယူသော ပုဂ္ဂိုလ်များ ဖြစ်သည်။

အထူးသဖြင့် ကုမ္ပဏီကြီးများ၌ ဗျူရိုကရေစီစနစ် ဝင်လာတတ်သည်။ အထက်ပိုင်းမှ ဦးဆောင်ရသော လူကြီးတို့သည် လစာကြီးစားများဖြစ်သည့်အလျောက် အခွင့်အရေးထူးများ ရယူကာ စည်းစိမ်ခံလာကြသည်။

ကုမ္ပဏီကြီးများသည် ငယ်ရာမှ ကြီးလာပြီးလျှင် လုပ်ငန်းများ ချဲ့လာသဖြင့် လုပ်ငန်းနယ်ပယ်ကြီးကျယ်လာသည့်အလျောက် အောင်မြင်ခြင်း ထိပ်တန်းသို့ ရောက်သောအခါ နိုင်ငံရေးနယ်ချဲ့သဘောမျိုးဖြစ်ကာ စီးပွားရေး "အင်ပါယာ" ကြီး ဖြစ်လာလေတော့သည်။ ထိုအခါတွင် "ကုမ္ပဏီနိုင်ငံရေး" အကျင့်မျိုးဝင်ကာ အုပ်စုဖွဲ့ခြင်း၊ အတိုက်အခံပြုခြင်း၊ ရာထူးလုခြင်း စသည်ဖြစ်လျက် လာဘ်စားခြင်း၊ စာရင်းလိမ်ခြင်း စသည့်

mgyoe.com

mgyoe.com


မသမာမှုကြီးများ ထွန်းကားလာတတ်သည်။ ကမ္ဘာ့စီးပွားရေးလောကဥ္ နာမည်ကြီး ကုမ္ပဏီကြီးများ၊ ဘဏ်ကြီးများတွင် ပြဿနာကြီးများ ပေါ်ပေါက်လာလေရာ အချို့သည် ပြိုပျက်သွားကြလေသည်။

ကုမ္ပဏီငယ်များသည်ကား အများအားဖြင့် နုပျိုရှင်သန်ကြသည်။ အစမှ စရခြင်းသည် ကောင်းခြင်း လက္ခဏာတစ်ဖြာဖြစ်ပေသည်။ စီးပွားရေးလောကတွင် အထူးလေးစားအပ်သော စီးပွားရေးခေါင်းဆောင်ကြီးတို့သည် သေးငယ်သော အစမှ စကြရသည်။ သူတို့၌ "စီးပွားရေးဒဿန" အမြင်ရှိကြသည်။ စီးပွားရေးလုပ်ငန်းသည် ငွေရရေးမျှသာမဟုတ်ဘဲ အများပြည်သူတို့၏ ဘဝသာယာရေးအတွက် အထောက်အပံ့ဖြစ်စေသည်။ ဝိသမလောဘ အရင်းခံ၍ ကိုယ်ကျိုးရှာသော သဘောထားကို အတတ်နိုင်ဆုံးပယ်၍ အတ္တဟိတ၊ ပရဟိတ နှစ်ဝအကျိုး ဖြည့်ဆည်းရေးလုပ်ငန်း ဖြစ်လေသည်။ ယင်းသို့သော ပုဂ္ဂိုလ်ကြီးတို့သည် ယခုအခါ အတိတ်နယ်ထဲသို့ရောက်သွားကြလေပြီ။

ယခုခေတ် စီးပွားရေးအောင်မြင်သူ လူငယ်လူရွယ်တို့သည် များသောအားဖြင့် ကိုယ့်အတွက် အကွက်မြင်သူတို့မျှသာ ဖြစ်ကြချေသည်။ ကမ္ဘာလောကကြီးတစ်ဝန်းလုံး၌ ယင်းသို့ပင် ဖြစ်နေချေသည်။ အားကိုးရစရာ ပုဂ္ဂိုလ်တို့သည် လူငယ်လူရွယ်တို့ပင် ဖြစ်၏။ စီးပွားရေးလုပ်ငန်းသည် အခက်ဆုံးလုပ်ငန်း ဖြစ်သည်ဟု အဆိုရှိ၏။ အတ္တပရညီမျှမှုကို အသာထားဦး။ အတ္တအတွက်ချည်း ကြိုးပမ်းရသည်မှာပင် မလွယ်လှပေ။ အပြိုင်အဆိုင် များသည်။ စေတနာမှန်သော အပြုသဘောထားဖြင့် ယှဉ်ပြိုင်ခြင်းသည် အပြောမျှသာ ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးသော နိုင်ငံကြီးမှာ ဝိသမလောဘ ကြီးစိုးလျက်ရှိ၏။ စီးပွားရေး၌ ဒဿနတရားဟူ၍ မရှိတော့သလောက် ဖြစ်နေချေသည်။ စီးပွားရေးဒဿနစာပေရေးသူတို့သည် လက်တွေ့စီးပွားရေးလုပ်ငန်းများကို လုပ်နေသူများ

mgyoe.com

mgyoe.com


မဟုတ်ပေ။ စာရေးဆရာများသာ ဖြစ်သည်။

တရားပျက်နေသူတွေကြားတွင် တရားရှိနေသူသည် ခေတ်အမြင်အားဖြင့် မအောင်မြင်နိုင်ချေ။ စေတနာမမှန်သော အတိုက်အခံ ယှဉ်ပြိုင်မှုတို့သာ လွှမ်းမိုးလျက်ရှိသည်။ ပရဟိတအတွက် ဆောင်ရွက်သည်ဆိုရာမှာလည်း အလှူကြီး အတန်းကြီးလုပ်ခြင်းမျှသာ ဖြစ်သည်။ ကောင်းပါပေသည်။

သုတေသနအဖွဲ့ကြီးများ တည်ထောင်ပေးခြင်း၊ ထောက်ပံ့ ခြင်း၊ လူမှုရေးကိစ္စများ၌ အလှူထည့်ဝင်ခြင်း စသည့် လူမှုရေးကိစ္စများ အတွက် ငွေများပုံ၍ လှူသည်တို့ ရှိကြသည်။ ငွေကြေးပိုလျှံနေသဖြင့် အမြတ်တော်ခွန်လွတ်ရန် ငွေကို ပုံလှူခြင်းနှင့်ပတ်သက်၍ တစ်ခါက စာရေးဆရာ (ပြဇာတ်ဆရာကြီး) ဘားနဒ်ရှောက ပြောဖူးသည်။ ငွေကြေးလွန်စွာကြွယ်သူတို့၏ အလှူသည် စား၍ အဝလွန်သဖြင့် အန်ထုတ်လိုက်ခြင်းမျှသာ ဖြစ်သည်ဟူ၍ပင်။

ကျွန်တော်ဆိုလိုသည့် ပရဟိတကိစ္စမှာ လုပ်ငန်းရှင်ကြီးများသည် လူအများအတွက် ကောင်းသည်ထက် ကောင်းအောင် ထုတ်လုပ်သော ကုန်ပစ္စည်းများကို အမြတ်ကြီးမစားဘဲ စရိတ်စကကာမိသည်ထက် အသင့်အတန် ပို၍ ယူခြင်းမျိုးပင် ဖြစ်သည်။ ကုန်ဈေးနှုန်းတို့သည် နေရာတကာမှာပင် တက်သည်ထက် တက်လျက်ရှိ၏။ ကုန်ဈေးနှုန်းကို တတ်နိုင်သမျှ လျှော့ချလျှင် ကောင်းလှပေသည်။ မလွယ်သောအလုပ် ဖြစ်ချေသည်။

သို့သော် ဘာမျှ မလုပ်တတ်သော လူပြိန်းတစ်ယောက်အနေဖြင့် ဈေးနှုန်းတွေ အဆမတန် တက်နေသည်ကို စိုးရိမ်တကြီး ကြည့်နေရသည့်အလျောက် ပြည်သူတို့၏ဆန္ဒကို မဝံ့တဝံ့ ဖော်ထုတ်လိုက်ခြင်းမျှသာ ဖြစ်ပါသည်။

mgyoe.com

mgyoe.com


စီးပွားရေး ခေတ်သစ်ရောက်နေပြီ။ အပြောင်းအလဲကာလ ဖြစ်သည့်အလျောက် အခြေအနေ မတည်တံ့သေးခိုက်တွင် မသေချာမရေ ရာမှုများကြားမှ နောင်မကြာမီ ကာလအတွင်း ပေါ်ထွက်လာမည့် လူငယ် စီးပွားရေး ထူးချွန်သူတို့ကို မှန်းမျှော်နေရပါတော့သည်။

ယင်းသို့ မှန်းမျှော်ခိုက်တွင် ယခု အတော်အတန် ရောက်ရှိနေ သော ခေတ်ပညာတတ် လူငယ်စီးပွားရေးသမားတို့အား မလိုလည်း လိုလည်းဆိုသလို သတိပေးတိုက်တွန်းလိုသည်မှာ စီးပွားရေးပညာကို စာတွေ့ဆည်းပူးလျက် လက်တွေ့လုပ်ဆောင်ရာတွင် စေတနာမှန်မှန်၊ ဝီရိယကောင်းကောင်း၊ စရဏ အင်အားသန်သန်တို့ဖြင့် အတ္တပရ အကျိုး မျှ၍ ဆောင်ရွက်နိုင်ကြစေရန်ပင် ဖြစ်ပေသည်။

□

mgyoe.com

mgyoe.com

## နိုင်ငံ့ဂုဏ် လူမျိုးဂုဏ်နှင့် စီးပွားရေး

"ဂုဏ်ဆိုတာ ငွေကိုခေါ်သည်" ဆိုသောစကားကို လွန်ခဲ့သော နှစ်ပေါင်း သုံးလေးဆယ်ကျော်က ရုပ်ရှင်ဇာတ်ဝင်တေးတစ်ပုဒ်မှ ကြားရသည်။ တေးရေးဆရာကြီး ဦးသုခက သရော်သောစကား ဖြစ်သည်။ ထိုစကားကို စာရိတ္တဂုဏ် မရှိသည့် အရက်သမားအား အရက်မူးခိုက်မှာ ဆိုခိုင်းသည်။ ယခု သရော်စကားသည် တကယ့်စကား ဖြစ်နေချေသည်။ ငွေရှိလျှင် လုပ်သမျှ တင့်တယ်သည်ဆို၏။ ထိုစကားသည်လည်း မှန်သလိုလို ဖြစ်နေသည်။ ငွေမရှိလျှင် မျက်နှာငယ်သည်ဆိုသော စကားလည်း မှန်၏။ "တက်ကပ်မှာပညာ၊ ဆုတ်ကပ်မှာ ဥစ္စာ" ဟူသော ဆိုရိုးစကားကို သတိရပြီးလျှင် စိတ်မချမ်းသာ ဖြစ်ရသည်။

ယခုစီးပွားရေးတံခါး ဖွင့်ပေးလိုက်ခါမှ ရှိသေးသည်။ ဧည့်သည်တို့ ဝင်လာကြသည်။ ထိုဧည့်သည်တို့သည် စီးပွားရေးလုပ်ငန်း မြန်မာနိုင်ငံမှာ ဖွင့်လှစ်၍ စီးပွားရှာမည့်သူများ ဖြစ်သည်။ သူတို့သည် မြန်မာနိုင်ငံမှရရှိသော ဈေးကွက်ကို အရယူရန် လာကြသည်သာ ဖြစ်၏။ သူတို့ထဲမှ အများက မြန်မာတို့ကို အထင်သေးကြသည်။ ဒေါ်လာကို

mgyoe.com

mgyoe.com


ကိုင်လာသူများ ဖြစ်သည့်အလျောက် ဒေါ်လာမဲ့သူတို့အပေါ်တွင် အထင်သေးကြသည်။ ထိုအချက်မှာ မည်သူမျှ မငြင်းသာပေ။ ပိုက်ဆံမရှိလျှင် မျက်နှာငယ်သည်မှာ ထင်ရှားချေသည်။

သူတို့ထဲတွင် ပညာအဆင့်မြင့်သူတို့ ပါပေသည်။ သို့သော် နည်းလှချေသည်။ ပညာဆိုရာတွင် တက္ကသိုလ်ဘွဲ့ရခြင်းကို မညွှန်းပါ။ အကောင်းအဆိုး၊ တရား မတရားတို့ကို ခွဲခြားသိမြင်လျက် ရိုင်းပျသည့်အမူအရာ၊ ယုတ်မာသည့် သဘောသဘာဝတို့ကို ညွှန်းပါသည်။ အောက်တန်းစား စိတ်နေစိတ်ထားရှိသူတို့နှင့် ခွဲခြားဖော်ပြခြင်းမျှသာ ဖြစ်သည်။ သူတို့ဆီမှာ ယဉ်ကျေးမှုရှိသော လူ့တန်ဖိုးနှင့် ပြည့်စုံသူတွေ များစွာရှိသည်ဟု ယုံကြည်ပါသည်။ သို့သော် ဤနိုင်ငံသို့ စီးပွားရေး အခြေချရန် လာသူတို့ထဲတွင် ထိုပုဂ္ဂိုလ်မျိုး နည်းလှချေသေးသည်။ လာသူအများမှာ ငွေကြေးမာနနှင့် အိမ်သည်တို့အပေါ်တွင် အထင်သေး၍ မထီမဲ့မြင်ပြုရာမှ ပြောင်ပြောင်စော်ကားသည်အထိ ပြုကျင့်ရန် အသင့်ရှိကြချေသည်။

ငွေဈေးနှုန်းကျသည့်အလျောက် မြန်မာတို့မှာ အထင်သေးခံနေရသော်လည်း မြန်မာတို့၏ လူ့တန်ဖိုးအဆင့် နိမ့်ကျသည် မဟုတ်ပေ။ ကျွန်တော်တို့နိုင်ငံတွင် ကျွန်တော်တို့သည် ဂုဏ်ဒြပ်အနေဖြင့် အဆင့်မကျပေ။ ငွေကြေးတန်ဖိုး ကျဆင်းသော်လည်း ကျွန်တော်တို့နိုင်ငံအနေဖြင့် အောက်တန်းစား မဟုတ်ပေ။ ကျွန်တော်တို့ နိုင်ငံ့ဂုဏ်ရည်ဖြင့် ကောင်းစွာ ရပ်တည်နိုင်ပေသည်။ ကျွန်တော်တို့၏အမျိုးဂုဏ်သည် ယုတ်လျော့သည်ဟု မဆိုနိုင်ပေ။ ဆိုလိုသည်မှာ ကျွန်တော်တို့နိုင်ငံနှင့် အမျိုးအနေဖြင့် အခြေခံကောင်းသည်။ နိုင်ငံ၌ရှိသော ပစ္စည်းပစ္စယတို့သည် အခြားနိုင်ငံများနှင့် အနည်းဆုံး အဆင့်တူပေသည်။ ဒေါ်လာကို အကြောင်းပြု၍သာ ငွေကြေးအဆင့်နိမ့်နေသေးသည်သာ ဖြစ်၏။ အချုပ်

mgyoe.com

mgyoe.com


ဆိုရပါမူ ကျွန်တော်တို့မှာ မျက်နှာငယ်စရာ အကြောင်းမရှိပေ။

ကျွန်တော်တို့နိုင်ငံနှင့် လူမျိုးတို့၌ သမိုင်းအနေဖြင့် ဂုဏ်ငယ်ရန် အကြောင်းမရှိ။ ယဉ်ကျေးမှု၊ စာပေ၊ အနုပညာ ဘာသာရေးတို့၌ ဂုဏ်ရှိပေသည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့မှာလည်း အဆင့်မနိမ့်ခဲ့ပေ။ ယခုအခိုက်အတန့်အတွင်း၌ ငွေကြေးအခြေအနေအားဖြင့် မတည်ငြိမ် ဖြစ်နေသေးသည်သာ ရှိ၏။ ယင်းသည်မှာလည်း ဓမ္မတာဖြစ်၏။

အလားတူ နိုင်ငံများမှာလည်း ယင်းသို့ တွေ့ကြုံခံစားလျက်ရှိနေကြသည်။ စီးပွားရေးဘက်မှာ စနစ်ပြောင်းလိုက်သဖြင့် အခြေမကျသေးသဖြင့် သာမန်အားဖြင့် မဖြစ်သင့်သည်အချို့ဖြစ်နေခြင်းတို့သည် ရှိနေချေသည်။ နိုင်ငံခြားသား စီးပွားရေးသမားတို့ထဲမှာ စိတ်နေစိတ်ထားသဘောထား အပြုအမူတို့ မမှန်သူများ ပါရှိသည်လည်း ထုံးစံပင်ဖြစ်၏။ ထိုသူတို့က ကျွန်တော်တို့အား ရှိသေမှုရှိကြစေရန် ကျွန်တော်တို့ကလည်း အမျိုးဂုဏ်ကို ထိန်းသိမ်းရပေမည်။ လူရှိသေ သူရှိသေဖြစ်အောင် နေထိုင်ပြုမူရာမှာ ဇာတိမာန်သည် အရေးပါသည်ဟု ဆိုချင်ပါသည်။ ဇာတိမာန်ဆိုသည်မှာ မိမိ၌ရှိသော အခြေခံဂုဏ်ဒြပ်တို့ကို တစ်ဦးတည်းအတွက်သာမဟုတ်၊ မိမိ၏နိုင်ငံနှင့်လူမျိုးဂုဏ်ကို မထိခိုက်စေရန် အထူးသတိပြုရန်လိုအပ်လှပေသည်။

နိုင်ငံ၏အချုပ်အခြာအာဏာကို ထိပါးစော်ကားလာလျှင် စစ်မက်ဖြစ်ရသည်အထိ ခုခံတိုက်ရသည်တွင် အားချင်းမမျှ၍ အရေးနိမ့်သည့်တိုင်အောင် အာဇာနည်တို့ ထုံးအတိုင်း "လေ့ခွက်ချည်းကျန်အလံမလဲ" ဟူသော စိတ်ဓာတ်ဖြင့် နိုင်ငံဂုဏ် လူမျိုးဂုဏ်တို့ကို ထိန်းသိမ်းရပေမည်။

မကြာမီက ကျွန်တော့်မိတ်ဆွေတစ်ဦးသည် နိုင်ငံခြားကုမ္ပဏီတစ်ခု၌ ကြီးကြပ်ကွပ်ကဲရသည့် ရာထူးကို လက်ခံလုပ်ဆောင်ခဲ့သည်။

mgyoe.com

mgyoe.com


ထိုကုမ္ပဏီက ပစ္စည်းတစ်ခုကို ခါတော်မီတွင်အောင် ရောင်းနိုင်ရန် ထိုပစ္စည်းကို အတော်များများ ယင်း၏ပင်ရင်းကုမ္ပဏီဌာနချုပ်သို့ မှာလိုက်သည်။ ယင်းပစ္စည်းများသည် တင်ယူပို့ဆောင်ရာတွင် အကြောင်းကြောင်းကြောင့် ခါတော်မမီဘဲ ပွဲတော်အတွင်းမှာ ရောက်လာသည်။ ရန်ကုန်ရှိ ကုမ္ပဏီခွဲမန်နေဂျာက ထိုပစ္စည်းကို ပွဲတော်အတွင်းမှာ လှည့်လည်ရောင်းချရမည်ဟု အမိန့်ချလိုက်သည်။ ကျွန်တော့်မိတ်ဆွေက ပွဲတော်အတွင်းမှာ ရောင်းချရန် မသင့်။ အလုပ်သမားများကလည်း ပွဲတော်အတွင်းမှာ အလုပ်လုပ်ဖို့ မလိုလားပေ။ မြန်မာတို့ ထုံးစံအတိုင်း လူတိုင်း အလုပ်ကိုနားပြီး လွတ်လပ်ပျော်ရွှင်စွာ နေတတ်ကြသည်။ ပြီးတော့ ရောက်လာသောပစ္စည်းများမှာ အခိုက်အတန့်အားဖြင့် အခါနှောင်းနေသည်။ အခါလွန်မှ မှန်မှန် ရောင်းချသင့်သည်ဟု အကျိုးသင့်အကြောင်းသင့် ပြောပြသည်။ မန်နေဂျာက မာန်ထပြီး သူ့အမိန့်အတိုင်း လုပ်ရမည်။ မလုပ်လျှင် အလုပ်ထွက်ပါဟု ဆိုသည်။ ကျွန်တော့်မိတ်ဆွေက မဆုတ်မဆိုင်း တစ်ထိုင်တည်း ထွက်စာရေးပြီး ပေးခဲ့သည်။ သူ့ဖြစ်ရပ်ကို ကြားသိရသည်တွင် ကျွန်တော့်မိတ်ဆွေကို အလွန်အထင်ကြီး သွားပါလေသည်။

ပြောစရာတော့ ရှိပါသည်။ ပေးသည့်လခမှာ အချို့အနေဖြင့် မပစ်ရက်စရာ ဖြစ်သဖြင့် အံကြိတ်မျိုသိပ်နေလိုက်ရချေမည်သာ ဖြစ်၏။ ယင်းတို့ကို အပြစ်မဆိုလိုပါ။ သို့သော် ပြောသင့်ပြောတန်သမျှ ပြောဖို့တော့ သင့်သည်ဟု ထင်မိပါသည်။ ပြီးတော့လည်း သူတို့အလုပ်ကို လုပ်ရမှလား ဟူသော သဘောထားကို မွေးသင့်ပါသည်။ အလှည့်သင့်၍ ရလျှင်လည်း လုပ်လိုက်နိုင်ပါသည်။ သို့သော် သိက္ခာစောင့်ရန် လိုအပ်ပါသည်။ အောက်ကျို့လွန်းဖို့ မလိုပါ။ သူတို့အလုပ်ကို မရဘဲ စားဝတ်နေရေးကို ကြိုးပမ်းနေကြရသူများ တစ်ပုံတစ်ပင် ရှိပါသည်။ အချို့မှာ

mgyoe.com

mgyoe.com


အတော်ပင် ဆိုးသည်ပင် ကျွန်တော်ဆိုချင်ပါသည်။ ကျွန်တော့် ဆွေမျိုးထဲကပင် ဖြစ်သည်။ နိုင်ငံခြားကုမ္ပဏီတစ်ခုတွင် အလုပ်ကလေးရလိုက်သည်။ ရသည်နှင့်တစ်ပြိုင်နက်မှာ သူ့စိတ်ပြောင်းသွားသည်။ ဒေါ်လာက မိုက်မာနကို မွေးထုတ်ပေးလိုက်သည်။ သနားစရာ သတ္တဝါတွေ။

နိုင်ငံခြားသား အလုပ်ရှင်နှင့် မြန်မာပညာတတ် လူလတ်တန်းစား ဝန်ထမ်းတို့အဖို့ ဆက်ဆံရေးနှင့်ပတ်သက်၍ ပြဿနာတို့သည် များချေမည်။ လက်လုပ်လက်စား ကာယအလုပ်သမားများသည် နိုင်ငံခြားလုပ်ငန်းများမှာပင် မြန်မာကြီးကြပ်မှုမှတစ်ဆင့် လုပ်ကြရသောကြောင့် ပြဿနာဖြစ်ရန် အကြောင်းနည်းပေသည်။ ပညာတတ် လူလတ်တန်းစား ဝန်ထမ်းများသည် များသောအားဖြင့် ကျပ်ကို ဒေါ်လာနှင့် ညီမျှခြင်းရှာသည်။ အကြောင်းသင့်၍ ဒေါ်လာရလျှင်လည်း ကျပ်နှင့် ညီမျှခြင်း ရှာသည်။ ယင်းနှစ်ဖက်နှစ်တန် ညီမျှခြင်း ရှာသဖြင့် နိုင်ငံခြားကုမ္ပဏီများရှိ ဝန်ထမ်းရာထူးများကို မက်မောကြသည်။ ဒေါ်လာလောက မှကြည့်လျှင် ကျွန်တော်တို့ဆီမှာ လုပ်ခပေါသည်။ အစားအသောက်လည်း သူတို့နိုင်ငံမှာနှင့်စာလျှင် ပေါသည်။ တကယ်တော့ သူတို့ဘက်ကချည်း တွက်ခြေကိုက်နေလေသည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုသည် အထူးလိုအပ်ပေသည်။ သို့သော် အကျိုးတူခံစားနိုင်ကြဖို့ လိုပေသည်။ တစ်ဖက်စောင်းနင်းကိုမူ မည်သို့မှ မလိုလားအပ်ပေ။ ဧည့်သည်တို့သည် အမျိုးမျိုးဖြစ်မည်သာပင်။ အခြေအနေ အဆင့်အတန်းချင်းတူမည်မဟုတ်ပေ။ ယင်းသည် ဓမ္မတာပင်ဖြစ်၏။ ဧည့်သည်တို့ အထင်သေး မခံရအောင် အိမ်သည်များက အနေမှန်ဖို့ အထူးလိုအပ်သည်။ ဧည့်သည်တို့လေးစားအောင် မိမိတို့၏ ဣန္ဒြေရရ နေတတ်ရန် လိုပေသည်။ ခေတ္တလာသော ဧည့်သည်များနှင့် အခြေကျရန် ရောက်လာသော ဧည့်သည်များ ဟူ၍ရှိရာ ဒုတိယအမျိုးအစား။

mgyoe.com

mgyoe.com


ယနေ့သည် ရှေးက မကြုံခဲ့ဖူးသော အခြေအနေကိုပေးလျက်ရှိသည်။ စီးပွားရေး ဈေးကွက်စနစ်သည် ကမ္ဘာပေါ်တွင် ခေတ်စားနေ၏။ အခါကောင်း အခွင့်ကောင်းဖြစ်သဖြင့် လူငယ်လူရွယ်တို့သည် ပေးနေသော အခြေအနေကို ကောင်းစွာသုံး၍ စီးပွားရေး စာတွေ့ပညာ၊ လက်တွေ့ပညာတို့ကို ဆည်းပူးကြရပေလိမ့်မည်။ ပုဂ္ဂလိကစီးပွားရေးသည် နိုင်ငံ့စီးပွားရေးဖြစ်၏။ စုပေါင်းဝိုင်းဝန်းလုပ်ရသော နိုင်ငံ၏ အဓိကလုပ်ငန်းဖြစ်သည်။ စီးပွားရေးသမားတို့သည် သမားရိုးကျလုပ်ငန်းစဉ်အတိုင်း လုပ်ရမည် မဟုတ်တော့ဘဲ တီထွင်မှု၊ အသစ်တစ်ဖန် ပြန်လည်ပြုစုမှု၊ ယှဉ်ပြိုင်ရေး၌ စေတနာမှန်မှန်လုပ်ဆောင်မှု၊ ဗဟုသုတဖြည့်ဆည်းမှု စသည့် စီးပွားရေးလုပ်ငန်းရှင်တို့ ပြုအပ်ရှိအပ်သော အမှုတို့ကို အမြဲမပြတ် ဆည်းပူးနေရပေမည်။

လူငယ်လူရွယ်ဖြစ်သော စီးပွားရေးမျိုးဆက်တို့သည် သူတစ်ပါးထံတွင် ဝန်ထမ်းလုပ်ရုံဖြင့် ကိစ္စမပြီးသင့်ပေ။ အလှည့်သင့်သလို ဝန်ထမ်းဝင်၍ လုပ်ရစေဦးတော့၊ စီးပွားရေးလောကတွင် နေရာယူနိုင်အောင် မိမိ၏စွမ်းရည်ကို တိုးတက်စေလျက် လုပ်ငန်းရှင်အဖြစ်သို့ရောက်အောင် ဉာဏ်နှင့်ဝီရိယတို့ဖြင့် အစွမ်းကုန်ကြိုးစားရပေမည်။ နိုင်ငံခြား စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ အတ္ထုပ္ပတ္တိတို့ကို ဖတ်ရှုလေ့လာ၍ အားတက်မှုရကာ ငယ်ရာမှ ကြီးလာသူ စီးပွားရေးထိပ်တန်းရောက် ပုဂ္ဂိုလ်များထံမှ အခြေခံပညာ သင်ယူသင့်လှပေသည်။ စီးပွားရေးလောက၌ရှိသော၊ ရှိအပ်သော စရဏတရားကို ယနေ့သည် ကျွန်တော်တို့၏ လူငယ်လူရွယ်တို့သည် နိုင်ငံအကျိုး၊ မိမိတို့အကျိုးတို့ကို ရည်စူး၍ အားသွန်ခွန်စိုက်ကြိုးပမ်းရမည်ဖြစ်သည်။ အနာဂတ်ရေးသည် လူငယ်လူရွယ်များ၏ လက်ဝယ်ရှိပေသည်။

□

mgyoe.com

mgyoe.com

# စိတ်ပျက်ဖွယ်သိပ္ပံပညာ

စီးပွားရေးပညာသည် "စိတ်ပျက်ဖွယ်ဘာသာရပ်" ဟု ဆိုခဲ့ဖူးသည်။ ၁၉ ရာစုနှစ်အတွင်း၌ အချို့သော ပညာရှင်တို့က ယင်းသို့ဆိုခဲ့ကြသည်။ "စိတ်ပျက်ဖွယ်" ဟူသော စကား၏အဓိပ္ပာယ်မှာ စီးပွားရေးပညာ၊ စာပေအရေးအသားတို့သည် ပျင်းခြောက်ခြောက်နှင့် စိတ်ဓာတ်ကျဖွယ်ဟူ၍ပင်။ အကြောင်းရင်းမှာ စီးပွားရေးပညာ စာပေအရေးအသားများတွင် စီးပွားရေးသမားတို့က ဝိသမလောဘဓောတိုက်ကာ လူအများထံမှ ဥစ္စာကို မိမိဥစ္စာဖြစ်အောင် ကြိုးစားကြသော အမြတ်ကြီးစားများအကြောင်း၊ သူတို့ကြောင့် ဆင်းရဲသားတို့သည် ဆင်းရဲသည်ထက်ပို၍ဆင်းရဲကြောင်းတို့ကိုသာ ဖော်ပြခြင်းပင်ဖြစ်၏။ ၁၉ ရာစုနှစ်က ဥရောပတိုက် လူ့အဖွဲ့အစည်းတို့ကို ကြည့်ရှုစုံစမ်း၍ ဝေဖန်ရေးသားသော စာများဖြစ်သည်ဟု ဆို၏။

အင်္ဂလိပ်စာရေးဆရာကြီး တောမတ်စ်ကားလိုင်းလ်က ရှေ့ဆောင်၍ ဝေဖန်လေသည်။ စီးပွားရေးသမားကြီးတို့ လူထုအပေါ် ခေါင်းပုံဖြတ်အမြတ်ကြီးစားမှုများ၊ စီးပွားရေးလုပ်ငန်းများစွာကို တစ်ဦးတည်းက

mgyoe.com

mgyoe.com


ချုပ်ကိုင်၍ စီးပွားရေးလောကတွင် စိုးမိုးတွင်ကျယ်မှုများကို ဖော်ထုတ်ပြသော သိပ္ပံဘာသာရပ်တစ်ရပ်ဖြစ်သည်ဟု ဆိုလေသည်။ အချုပ်အားဖြင့် စီးပွားရေးပညာရှင်တို့သည် အရင်းရှင်စနစ်၏အဖြစ်များကို ဖော်ပြဝေဖန်သောကြောင့် စီးပွားရေးပညာကို "စိတ်ပျက်ဖွယ် သိပ္ပံဘာသာရပ်" (Economics is a dismal science)ဟု ခေါ်ဆိုကြလေသည်။

အရင်းရှင်စနစ်နှင့် ကွန်မြူနစ်ဝါဒတို့ တိုက်ပွဲအစကာလဖြစ်သည့်အလျောက် စီးပွားရေးလုပ်ငန်းရှင်များကို စီးပွားရေးပညာရှင်တို့က ဝေဖန်ကြခြင်း ဖြစ်သည်။ အရင်းရှင်စနစ်ကို တိုက်ခိုက်၍ အများပိုင်စနစ်ကို ထူထောင်ခဲ့သော ကွန်မြူနစ်ဝါဒသည် နှစ်ဆယ်ရာစုနှစ်ကာလအတွင်း၌ ကမ္ဘာအနှံ့မှာ ဩဇာသက်ရောက်ခဲ့လေသည်။ သို့သော် အရာရာတို့သည် သင်္ခါရဓမ္မဖြစ်သော ဖြစ်ပြီးလျှင် ပျက်သော သဘောတရားအရ ကွန်မြူနစ်ဝါဒသည် နှစ်ဆယ်ရာစုကာလ ကုန်ဆုံးခါနီး ပြိုပျက်ရလေသည်။

အရင်းရှင်စနစ်ကို အစားထိုးသည့် အများပိုင်စနစ်သည် လည်း တဖြည်းဖြည်း ယိုယွင်းကာ နောက်ဆုံး၌ ပြိုပျက်ရလေသည်။ အကြောင်းရင်းအစစ်မှာ ဝိသမလောဘပင် ဖြစ်ချေသည်။ လောဘသည် မီးတောက်မီးလျှံကြီးပမာပင်။ သတ္တဝါမှန်သမျှမှာ လောဘစေတသိက်သည် မွေးရာပါပစ္စည်းတစ်ခု ဖြစ်သည်။ လိုအင်ဆန္ဒကို ပြည့်စုံအောင် ဖြည့်ပေးခဲ့လျှင် အရာရာမှာ ကျေနပ်မှုရပြီးလျှင် ဝိသမလောဘသည် ပျောက်ကွယ်သွားလိမ့်မည်ဟူသော ကောက်ချက်သည် မှားလှချေသည်။ တစ်ဦးတည်းဖြစ်စေ၊ တစ်စုတစ်ဖွဲ့ဖြစ်စေ လုပ်ငန်းများကိုကိုင်လျက် ရသမျှအမြတ်တို့ကို သူတို့ချည်း စားနေခြင်းကို ပယ်ဖျက်၍ အများဝေမျှ ခံစားခွင့်ပေးမည်ဆိုသော ကွန်မြူနစ်ဝါဒ၏ဆက်ပွားဝါဒဖြစ်သည့် ဆိုရှယ်လစ်

mgyoe.com

mgyoe.com


ဝါဒနှင့် စနစ်တို့ကို ဖျက်ဆီးလိုက်သည်မှာ အဖွဲ့အစည်း၏ ဦးစီးအရာရှိတို့၏ ဆိုးရွားသော "ဗျူရိုကရက်" အမူအကျင့်တို့ပင် ဖြစ်သည်။

အရင်းရှင်စနစ်တွင်လည်း ဗျူရိုကရက် အမူအကျင့်များရှိသည်။ ဝါဒအသွင်အပြင်သာ ပြောင်းနိုင်သော်လည်း ဝိသမလောဘကို ပယ်ဖျက်ပစ်ရန် မစွမ်းသာကြချေ။ ထို့ကြောင့်လည်း အရင်းရှင်ဝါဒနှင့် စနစ်တို့ကို တိုက်ဖျက်သော ကွန်မြူနစ် ဆိုရှယ်လစ်ဝါဒနှင့် စနစ်တို့သည် ပျက်စီးကြရလေသည်။ ဝါဒတိုင်း စနစ်တိုင်းကို ပထမအစ၌ ကောင်းမြတ်သော စေတနာဖြင့် တည်ဆောက်ခြင်း ဖြစ်သည်။ သို့သော် လောဘကို လောကမှာ သတ်၍ မရနိုင်ချေ။ ယခုနှစ်ဆယ့်တစ်ရာစုတွင် အရင်းရှင်စနစ် ပြန်လည်လွှမ်းမိုးလာလေပြီ။ ဗဟိုဦးစီးစနစ်သည် ချုပ်ချယ်လွန်း၍ တိုးတက်သင့်သလောက် မတိုးတက်ရုံမက မတိုးတက်ဘဲ ကျဆင်း၍သာ လာခဲ့လေသည်။ အထူးသဖြင့် စီးပွားရေးဘက်တွင် လွတ်လပ်မှု အပြည့်အဝရမှသာလျှင် တိုးတက်ကြီးပွားနိုင်ပေမည်။ လောင်းရိပ်ကင်းသော သစ်ပင်သာလျှင် ရှင်သန်ဖွံ့ဖြိုးပေလိမ့်မည်။

ယင်းသဘောတရားကို သိရှိနားလည်သည့်အလျောက် ယခုအခါ ကမ္ဘာတစ်ဝန်းလုံးတွင် "ဈေးကွက်စီးပွားရေး" ကို အားကြိုးမာန်တက် ဆောင်ရွက်နေကြပေပြီ။ လွတ်လပ်မှု အပြည့်အဝပေးခြင်း၌ ကြီးမားသော အန္တရာယ်မှာ စီးပွားရေးသောင်းကျန်းမှု ဖြစ်သည်။ စီးပွားရေးတံခါး ဖွင့်ပေးရာတွင် အစွမ်းကုန် ဖွင့်ပေးရန် မသင့်လျော်ပေ။ စီးပွားရေးသောင်းကျန်းမှုသာမက လူမှုရေးသောင်းကျန်းမှုတို့သည်လည်း အကြီးအကျယ် ဖြစ်မည်သာ ဧကန်ပင်။ တံခါးကို ဟရုံ ဟပေးပါလျှင်လည်း ငွေကို တံတားခင်း၍ ဝင်လာကြလိမ့်မည်။ လာဘ်ပေး လာဘ်ယူမှုသည် မိုးပြိုသလို ပြိုဆင်းလာမည်ဧကန်ပင်။

စီးပွားရေးကိစ္စတွင် သမာသမတ်ဖြစ်ရန် ဆောင်ရွက်ရေးသည်

mgyoe.com

mgyoe.com


အခက်ဆုံးဖြစ်၏။ လာဘ်ပေးလာဘ်ယူ အမူအကျင့်ပျက်ခြင်းသည် အလွန်ကြီးမားသောအန္တရာယ်ဖြစ်၏။ လုံးဝပျောက်ကင်းအောင် ကုသ၍ မရနိုင်သောရောဂါဖြစ်ချေသည်။ လာဘ်ပေးလာဘ်ယူမှုသည် နှစ်ဦးစလုံး အလိုတူကိစ္စဖြစ်သည်။ လာဘ်ပေးသူကစပြီးပေးသလား။ လာဘ်ယူသူ ကစပြီး တောင်းသလား။ ထိုမေးခွန်းစုံတွဲကို တစ်ခွန်းတည်းဖြင့် ဖြေနိုင်ပါသည်။ "ဟုတ်ပါတယ်" ဟူ၍ပင်။ လာဘ်ပေးသူကစပြီး လက်သိပ်ထိုးပေးသည်လည်း ရှိ၏။ လာဘ်ယူသူက "ထစ်" ထားလိုက်သည်တွင် လာဘ်ပေးသူက အလိုက်သိရသည်။ ယခုခေတ်မှာမူ တိုးတက်လာပေသည်။ လာဘ်ယူသူက ပြောင်ပြောင်တောင်းသည်။ ပုန်းလျှိုးဝှက်လျှိုး လုပ်စရာ မလိုတော့ပေ။ ပြောင်ပြောင်ပြောဖို့ မလိုဘဲ မျက်နှာရိပ် ပြရုံမျှသာ လိုသည်။ လာဘ်ပေးလာဘ်ယူကိစ္စသည်လည်း စီးပွားရေးလုပ်ငန်းတစ်ရပ်ကဲ့သို့ ဖြစ်နေလေပြီ။

စရဏပျက်ပြားသည်မှာ ပေါ်လွင်ထင်ရှားနေချေပြီ။ စာရိတ္တ ပျက်ပြားသလား မမေးနှင့်။ မေးသူသာလျှင် လွန်ပေမည်။ "စီးပွားရေး ဆိုတာ ငွေရဖို့ပဲ" ဟူသော ကြွေးကြော်ချက်သည်လည်း မလိုတော့ပေ။ ငွေကို မည်သည့်နည်းဖြင့် ရအောင်ယူခြင်းကို မတရားဟုဆိုလျှင် ဆိုသူကို မျက်စောင်းထိုးပြီး ပြုံးကြပေမည်။ ခေါင်းပုံဖြတ်ခြင်း၊ အမြတ်ကြီးစားခြင်းလုပ်ငန်းတို့ကို ချုပ်ကိုင်၍ တစ်ဦးတည်း၊ တစ်ဖွဲ့တည်း ရယူခံစားခြင်းဟူသော လက်ဝါးကြီးအုပ်ခြင်း စသည်တို့သည် တည်ဆဲဥပဒေများ၌ အကျုံးမဝင်ပေ။ လာဘ်ပေးလာဘ်ယူခြင်းသည် လုပ်ရိုးလုပ်စဉ် လုပ်ဆောင်မှုတစ်ခုမျှသာ ဖြစ်နေချေပြီ။

စရဏတရားသည် စင်စစ်အားဖြင့် အမှားအမှန် ခွဲခြားမှုဉာဏ်နှင့် ငယ်စဉ်ကတည်းက သွန်သင်ဆုံးမမှုမှရသော သက်ဝင် ယုံကြည်မှု ရှိသော သူတို့သာ စောင့်ထိန်းသောတရား ဖြစ်သည်။ စီးပွားရေးသမား

mgyoe.com

mgyoe.com


တို့သည် ငွေရနိုင်သလောက် ရရန် ကြိုးစားနေသောသူများဖြစ်သဖြင့် စီးပွားရေးလောက၌ မသမာမှုများသည် များပြား၏။ တွေ့ရဖန်၊ မြင်ရဖန် များသောကြောင့် တရား မတရား၊ သမာ မသမာ ခွဲခြားမှု မပြုနိုင်ကြတော့ချေ။ ငွေများစွာရလျှင် တရားဟူ၍ မှတ်ယူနေကြသည်။ ယင်းသို့ ငွေမြောက်မြားစွာရအောင် ရှာနိုင်စွမ်းရှိသူတို့သည် စီးပွားရေးလောကတွင် အောင်မြင်သူများအဖြစ် အသိအမှတ်ပြုခြင်း ခံရကာ အရာရာတွင် ရှေ့ဆောင်နေကြရသည်။ ငွေရှိမှ ဂုဏ်ရှိသည်ဟူသော အယူအဆ လွှမ်းမိုးနေသည့်အလျောက် ငွေရှင်ကြေးရှင်များသည် ဂုဏ်ကြီးရှင်များ ဖြစ်လျက် ရှိကြ၏။ "တက်ကပ်မှာပညာ၊ ဆုတ်ကပ်မှာဥစ္စာ" ဟူသော ဆိုရိုးစကားအတိုင်းပင် ဖြစ်လေတော့သည်။

စီးပွားရေးမှာ စရဏတရား စောင့်ထိန်းမှုပြုနေလျှင် စီးပွားရေး တိုးတက်မှု ဖြစ်နိုင်ပါမည်လား။ လောဘအားနည်းလျှင် စီးပွားရေး လောကသည် အပြိုင်အဆိုင်ရှိနေသဖြင့် ဉာဏ်အား ဝီရိယအားနည်း သွားမည်သာ ဖြစ်သည်။ စီးပွားရေးမတိုးတက်လျှင် နိုင်ငံတစ်ခုလုံး၌ ဖွံ့ဖြိုးမှု ရှိနိုင်ပါမည်လား။ လောဘဇောတိုက်ရမည့်နေရာတွင် ရောင့်ရဲ တင်းတိမ်နေ၍ အောင်မြင်ပါမည်လား။

မှန်ပါသည်။ နိုင်ငံအနေဖြင့် စီးပွားတိုးတက်၍ ငွေကြေးပြည့်စုံလျက် လူမှုရေးလုပ်ငန်းများကို မဆောင်ရွက်ဘဲ မနေနိုင်ပေ။ ကုန်ပစ္စည်းများ အားကြိုးမာန်တက် မြောက်မြားစွာ ထုတ်လုပ်၍ နိုင်ငံတကာ ဈေးကွက်တွင် ဝင်နိုင်မှသာလျှင် နိုင်ငံသူ နိုင်ငံသားတို့၏ ပျမ်းမျှဝင်ငွေ တိုးတက်ကာ လူနေမှုအဆင့်တက်လာနိုင်ပေမည်။ အရေးအပါဆုံးမှာ ကုန်ထုတ်လုပ်မှုဖြစ်သည်။ စက်မှုလုပ်ငန်းများ အင်အားကောင်းပါမှ ကမ္ဘာ့ဈေးကွက်တွင် ဝင်ဆံ့ပေလိမ့်မည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လိုသည် မှန်၏။ ယင်းကိစ္စ၌ သက်ဆိုင်ရာတို့၏ အမြော်အမြင်သည် အလွန်

mgyoe.com

mgyoe.com


လိုအပ်ပေသည်။ ကျိုးတူညီမျှဖြစ်စေရန်နှင့် တိုင်းရင်းသားတို့၏ ကုန်ထုတ်စွမ်းရည် တိုးတက်မှသာ ရေရှည်အကျိုးခံစားရမည်ဖြစ်သည်။ ယင်းစကားသည် စကားအဖြစ်မျှ ဖြစ်ပါသည်။ သက်ဆိုင်သူတို့ သိပြီးဖြစ်ပါသည်။ တစ်ဖက်သားက အမြတ်ထုတ်သွားနိုင်ပါသည်။ ကုန်ပစ္စည်းများ အရောင်းအဝယ်ပြုရာတွင် အပေးအယူ မျှတစေရန် လိုအပ်ကြောင်းလည်း အားလုံးသိပြီး ဖြစ်ပါသည်။ ရောင်းဝယ်မှုမှာ ချိန်ခွင်လျှာညီရေးသည် နိုင်ငံအတွက် အရေးပါလှပေသည်။

စီးပွားရေးပညာသည် ပညာရှင်တို့၏ ကိုယ်ပိုင်ဥစ္စာ ဖြစ်သည်။ လူပြိန်းတို့အဖို့ ရှေးခေတ်က အနောက်တိုင်းမှာကဲ့သို့ ပျင်းစရာ ဖြစ်ပေသည်။ သို့သော် ယနေ့ခေတ် ကျွန်တော်တို့ မြန်မာလူငယ်အချို့သည် စီးပွားရေးလုပ်ငန်းများတွင် ဦးစီးနိုင်သော သတ္တိကို စီးပွားရေးပညာဖြင့် မွေးမြူ၍ လက်တွေ့လုပ်ရင်း အလုပ်ကသင်ပေးသည့် အတွေ့အကြုံတို့မှ ပညာဆည်းပူးလျက် ရှိပေသည်။ ခဏပန်း ငွေရပြီး ရေရှည်မှာ ဒုက္ခအမျိုးမျိုးရောက်နိုင်သည့် လုပ်ငန်းတို့ကို သတိကြီးစွာ လုပ်ဆောင်ရမည်ဟူသည့် အသိမျိုးရှိပေလိမ့်မည်ဟု မျှော်လင့်ရပါသည်။ တစ်ကမ္ဘာလုံးတွင် စီးပွားရေးပြိုင်ပွဲကြီး ကျင်းပလျက်ရှိသည်။ သိပ္ပံနှင့်နည်းပညာတို့ အရှိန်အဟုန် တိုးတက်နေသော်လည်း စီးပွားရေးပညာသည် မည်သို့ပင် ခေတ်မီစေကာမူ မရေရာသော ဤလောကကြီး ဝိသမလောကကို ချိုးနှိမ်နိုင်စွမ်းမည်မဟုတ်ချေ။

❐

mgyoe.com

mgyoe.com

# စီးပွားရေးသစ္စာ

စီးပွားရှာသူတို့၏စိတ်မှာ လောဘသြဇာလွှမ်းကဲလျက် ရှိသည်။ လောဘနှင့်ကင်း၍ လောကီကိစ္စများ လုပ်ဆောင်နိုင်ခဲလှ၏။ စေတနာ သန့်ရှင်းမွန်မြတ်သော ပရဟိတလုပ်ငန်းတို့မှာပင် လောဘဝင်နိုင်သည်။ သဒ္ဓါလွန်ခြင်း ဖြစ်နိုင်သည်ဟု ဆိုလိုပါသည်။ စီးပွားရေးနှင့် ပတ်သက်လျှင်မူ လောဘသည် သန့်ရှင်းခဲလှ၏။ သမလောဘရှိရမည်သာပင်။ ဝိသမလောဘဇောတိုက်ခြင်း များလွန်းလှသော စီးပွားရေးလောက အတွင်း၌ စားသာလျှင် စားကြသည်။ မစားသာလျှင် ပစ်လိုက်သည်။ မပစ်လိုလျှင် စားသာအောင် အကြံအဖန် လုပ်ကြသည်။ ထိုလောဘ ဝေဒနာသည်များတွင် သစ္စာဟူသော အမှန်တရားကို စောင့်ရှောက် ထိန်းသိမ်းမှုသည် နည်းပါးလှ၏။

သို့သော် စီးပွားရေးမှာ သမလောဘ ဖြစ်စေနိုင်ရန် တော်မှန် ဖြောင့်မတ်သော သဘောထားနှင့် ကျင့်သုံးမှုတို့ ရှိမှသာလျှင် စစ်မှန် သော ကြီးပွားခြင်း ဖြစ်ပေလိမ့်မည်။ အရပ်စကားဖြင့် ဆိုရပါမူ "ကောင်း ရောင်းကောင်းဝယ်" ပြုခြင်းသည် အထူးလိုအပ်ပေသည်။ စည်းကမ်း

mgyoe.com

mgyoe.com


ရှိသေး၍ သူ့ဘက်ကိုယ့်ဘက် မျှတစေခြင်းသည် အရှိန် မှန်မှန် တိုးတက်မှု ဖြစ်စေသည်။ စီးပွားရေးလုပ်ငန်းရှင်တို့၌ သိက္ခာ သမာဓိရှိသူကို အများက ယုံကြည်လေးစားကြသည်။ ယင်းပုဂ္ဂိုလ်မျိုးသာလျှင် စီးပွားရေးလောက၏ဂုဏ်သရေကို ဆည်နိုင်ပေသည်။

ယင်းသို့သော စီးပွားရေးသစ္စာရှင်တို့ ရှိကြပါ၏။ သို့သော် ရှားလှချေသေးသည်ဟု ဆိုနိုင်သည်။ လူအများကြားတွင် ပြောလေ့ရှိသော ပြက်လုံးတစ်ခုမှာ "နည်းနည်းပါးပါးနဲ့တော့ နာမည်အပျက် မခံပါဘူး၊ သိန်းသန်းချီပြီးရရင်တော့ အုပ်လိုက်မှာပေါ့" ဟူ၍ပင် ဖြစ်သည်။ ထိုပြက်လုံးသည် မှန်သောစကားကို ဆို၏။ ဖွံ့ဖြိုးလျက်ရှိသော နိုင်ငံများမှာ စီးပွားရေးလုပ်ငန်းကြီးများ အချို့နှင့် ဘဏ်လုပ်ငန်းအဖွဲ့ကြီး အချို့တွင် ငွေအလွဲသုံးစားပြုမှုကြီးများ ပေါ်ပေါက်ကြသည်။ ယင်းအမှုများတွင်ပါရှိနေသော တရားခံများ၊ အပေါင်းပါများသည် သူတို့နဂိုအခြေအနေမှာပင် ကျိုကျိုတက် ချမ်းသာပြီးသားများဖြစ်ကြချေသည်။ လောဘကို အတောမသတ်နိုင်သောကြောင့် ရလေလိုလေဖြစ်ကြလေသည်။ ငွေသည် မြွေနှင့်တူ၏ဟု ဗုဒ္ဓမြတ်စွာက ဥပမာပေးခဲ့သည်။ အထူးသဖြင့် မိမိတရားဝင်မပိုင်သော ငွေကို ကိုင်တွယ်ရာတွင် ဖောက်ပြန်လျှင် တစ်နေ့နေ့မှာ ဘေးတွေ့ရတတ်သည်။

စီးပွားရေးလောကတွင် ကြီးပွားလိုသူသည် မိမိ၏သိက္ခာကို အမြဲစောင့်ထိန်းရပေမည်။ မိမိ၏ရိုးသားဖြောင့်မတ်မှုကို အမြဲထိန်းသိမ်း၍ ခိုင်မာရင့်သန်စေရန် ကြိုးစားရပေမည်။ သို့မှသာလျှင် မိမိအား စိတ်ချယုံကြည်မှု ရပေလိမ့်မည်။ ယင်းစီးပွားရေးသစ္စာသည် အဓိက အရေးပါသောအချက်ဖြစ်၏။ ယုံကြည်စိတ်ချခြင်း ခံယူရသူသည် "လူတော်" တစ်ယောက် ဖြစ်သည်။ အတတ်ပညာ တတ်ကျွမ်းမှု၌ "တော်သည်" ဟူသော စကားသုံးကြ၏။ စင်စစ်မှာ တော်မှန်ဖြောင့်

mgyoe.com

mgyoe.com


မတ်ခြင်းသည် တော်သည်ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်အစစ် ဖြစ်သည်။ ယင်းသို့ တော်မှန်ဖြောင့်မတ်သော သိက္ခာရှိသူ၌ ဉာဏ်နှင့် ဝီရိယတို့ တွဲဖက်၍ရှိလျှင် ထိုပုဂ္ဂိုလ်သည် လူတော်လူကောင်းဖြစ်မည်သာပင်။ လူတော်လူကောင်းတို့အား လိုအပ်သော အကူအညီ အထောက်အပံ့ပေးကြဖို့ လိုအပ်သည်။

တစ်ကိုယ်တည်း စွမ်းဆောင်နိုင်သော သတ္တိရှိသူတို့အဖို့ အကူအညီ အထောက်အပံ့ ပို၍ပင် လိုပေသည်။ တစ်ကိုယ်တည်း လုပ်ဆောင်ကြိုးပမ်းရလျှင် ကြီးပွားရေး၊ တိုးတက်ရေးတို့တွင် အချိန်ကြန့်ကြာချေမည်။ မိမိ၌ ဉာဏ်အား၊ စာရိတ္တအား၊ ဝီရိယအား ကောင်းပါသော်ငြားလည်း အရင်းအနှီး၌ ငွေအားနည်းနေလျှင် တိုးတက်မှု နှောင့်နှေးချေမည်။ ထိုအဖြစ်မျိုးမှာရောက်နေသော လူတော်လူကောင်းတို့အား ငွေကြေးထောက်ပံ့မှု ပြုပေးလိုက်လျှင် အချိန်တိုတိုနှင့် တိုးတက်ကြီးပွားမှု ရနိုင်ကြပေသည်။ ရှေ့မှာ ရောက်နေသော စီးပွားရေးလုပ်ငန်းရှင် အချို့သည် နောက်မှာ ရှိနေသေးသော စီးပွားရေးလုပ်ငန်းရှင်ငယ်တို့အား ထိုက်တန်လျှင် ထိုက်သင့်သလို အရင်းအနှီးအင်အားဖြည့်တင်းပေးကြသည်။

ကျွန်တော့်နိုင်ငံမှာပင် နိုင်ငံခြားသား စီးပွားရေးလုပ်ငန်းရှင်အချို့သည် သူတို့၏ တိုင်းရင်းသားတို့အား ယင်းသို့ ငွေကြေးထောက်ပံ့ဖြည့်တင်းပေးကာ အပေါ်ဆင့်သို့ ဆွဲတင်ကြသည်။ စီးပွားရေး၊ ကြီးပွားရေး ပညာရှင်တစ်ဦးက ရေးသားမိန့်ဆိုသည့် ဥပမာ စကားလေးတစ်ခုကို မှတ်မိနေပါသည်။ တိုးတက်လိုသော လူငယ်တို့အား အမြင့်သို့တက်နိုင်ရန် မိမိက လှေကားထောင်ပေးသင့်ပေသည်ဟူသော စကားကို ဆိုလေသည်။ မည်သူမဆို မည်သည့်ကိစ္စကို လုပ်ဆောင်ရာတွင် အကူအညီ အထောက်အပံ့လိုသည်။ "အမှီ" ရှိဖို့ လိုသည်။

mgyoe.com

mgyoe.com


ကိုယ့်အားကိုယ်ကိုးခြင်းသည် ကောင်းပေ၏။ သို့သော် နည်းနေသေးသော ကိုယ့်အားကို ပြင်ပမှ အားယူဖြည့်တင်းလျှင် ကောင်းကျိုးဆောလျင်စွာ ရနိုင်ပေမည်။ ကိုယ့်အားကိုယ်ကိုး၍ ကြိုးပမ်းရုန်းကန်နေလျှင် ကောင်းကျိုးရရန် အချိန်ကြန့်ကြာမည်။ ကိုယ့်အားမှာ အတော်နည်းနေလျှင် သူတစ်ပါးထံမှ အားမယူဘဲ ကိုယ့်အားကိုသာ ကိုးနေလျှင် အားပြတ်၍ လိမ့်ခွေသွားနိုင်သည်။ အားအလွန်နည်းနေသောသူကို ကိုယ့်အားကိုယ်ကိုးခိုင်းလျှင် နည်းလွန်းလှသော ကိုယ့်အားဖြင့် မစွမ်းသာသဖြင့် အားထုတ်ရင်း အသက်ပျောက်သွားနိုင်သည်။

စီးပွားရေးလုပ်ငန်း၌ အဓိကသည် ငွေအရင်းအနှီးဖြစ်၏။ အချို့စီးပွားရေး ဈေးကွက်မြင်တက်သူတို့မှာ ဉာဏ်နှင့် ဝီရိယရှိသော်လည်း အရင်းအနှီး မရှိသည့်အတွက် ကြီးပွားသင့်သလောက် မကြီးပွားချေ။ အရင်းအနှီး ငွေထုတ်၍ ချေးသူတို့ ရှားချေသည်။ ငွေရှင်ကြေးရှင်တို့သည် သူတို့အဖို့သာ ကြည့်တတ်ကြသည်။ သူတစ်ပါး၏ ကြီးပွားတိုးတက်ရေးသည် သူတို့နှင့် ဘာမျှမဆိုင်ဟု သဘောထားကာ စောင်မဖို့ စိတ်ကူးမျှပင် မထည့်ကြချေ။ အချို့က ကိုယ့်အား ကိုယ်ကိုးဝါဒကို ကျဉ်းမြောင်းသောအမြင်ဖြင့် ရင်ဝယ်ပိုက်ကြသည်။

သို့သော် အချို့သော တိုင်းခြားဒေသများရှိ အရင်းရှင်အချို့သည် လူတော်လူကောင်းများ၏ တက်လမ်းအတွက် လှေကားထောင်ပေးကြသည်။ မကြာသေးမီက နယူးစ် ဝိ(ခ်) သတင်းမဂ္ဂဇင်းတွင် ဖတ်လိုက်မိသော သတင်းဆောင်းပါးတစ်ပုဒ်ကို သာဓကတစ်ခုအဖြစ် ညွှန်းရပေမည်။ ဂျပန်နိုင်ငံတွင်ရှိသော ဆောက်လုပ်ရေးလုပ်ငန်း ကုမ္ပဏီပိုင်ရှင် ဝါတာနာဘေးသည် စီးပွားရေး ဈေးကွက်သစ်မြင်သူ စီးပွားရေးလုပ်ငန်းရှင်အဖြစ် အစပျိုးနေသော လူတော်တို့အား လုပ်ငန်းအတွက် အရင်းအနှီး ထုတ်ချေးမည်ဟူသော ကြော်ငြာစာတစ်ပုဒ်ကို သတင်းစာ

mgyoe.com

mgyoe.com


တစ်စောင်တွင် ထည့်လိုက်သည်။ သူ့ကြော်ငြာကို ဖတ်ပြီး လျှောက်ထားသူ၊ မေးမြန်းစုံစမ်းသူ လေးထောင့်ငါးရာတို့၏ စာများကို ရရှိသည်။ လျှောက်ထားသူတို့အထဲမှာ အသင့်တော်ဆုံးတို့ကို ရွေးချယ်လိုက်သည်။ သူ့ကုမ္ပဏီက ထိုထုတ်ချေးရန် ငွေယန်း သန်းတစ်ရာထဲမှာ လိုအပ်သမျှကို ထုတ်ချေးသည်။

ဝါတာနာဘေး၏ကုမ္ပဏီကို ၁၉၆၇ ခုနှစ်မှာ တည်ထောင်သည်။ ယခုအခါ၌ လုပ်သား ၃၅၀ က အဆောက်အဦ ဆောက်လုပ်ရေးပစ္စည်းများကို ရောင်းချကြရာ လွန်ခဲ့သည့်နှစ်တွင် ယန်းသန်း နှစ်သောင်းကျော် ဝင်ငွေရရှိသည်။ သူသည် သူ့ကုမ္ပဏီကို ယန်း တစ်သန်း (ဒေါ်လာ တစ်သောင်းခန့်) ဖြင့် မတည်၍ စတင်တည်ထောင်ခဲ့သည်။ ဂျပန်နိုင်ငံမှာ ထိုအရင်းအနှီးငွေကြေးသည် များလှသည်မဟုတ်ပေ။ သူသည် အရင်းအနှီး အနည်းငယ်ဖြင့် လုပ်ငန်းလုပ်ရသည့် အခက်အခဲများကို ကိုယ်တွေ့သိရသည်။ အကယ်၍သာ သူ့အား ထောက်ပံ့မှုပေးခဲ့လျှင် ယခုအခြေအနေမျိုးကို အချိန်စောစောကတည်းက ရမည်ဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့်ပင် သူသည် ကိုယ်ချင်းစာ၍ ယခုကဲ့သို့ ထောက်ပံ့ထုတ်ချေးမှုကို ပြုသည်ဟု ဆို၏။ ဂျပန်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းအဖွဲ့ကြီးများ တစ်ရာကျော်ရှိရာ သူ့လို စိမ်ကိန်းဖြင့် နောင်ကာလတွင် တိုးတက်ကြီးပွားနိုင်မည့် လုပ်ငန်းရှင်ငယ်များကို ထောက်ပံ့မှုပြုရန် ထိုကုမ္ပဏီကြီးများမှာ စိတ်ကူးမျှပင် မရှိချေ။ ဝါတာနာဘေးနှင့် သူ့လုပ်ဖော်ကိုင်ဖက်တို့က ထိုက်တန်သူတို့အား ငွေကြေးချေးမှု ပြုရုံသာမက လိုအပ်သော အကြံဉာဏ်များပေး၍ အဆက်အသွယ်များကိုလည်း ညွှန်ကြားဆက်သွယ်ပေးသည်။

ဝါတာနာဘေး၏လုပ်ရပ်ကို အများက ချီးကျူးကြသည်။ "ဝါတာနာဘေးလုပ်သလို စီးပွားရေးလုပ်ငန်းကြီးပိုင်ရှင်များက လုပ်

mgyoe.com

mgyoe.com


ပေးဖို့ ဝေးစွ၊ လှည့်ကြည့်ဖို့ပင် စိတ်မကူးကြ" ဟု နီမူးရားသုတေသန လုပ်ငန်းအဖွဲ့ခေါင်းဆောင် တက်စုဂျိရိ တနာကာက ဆိုသည်။ ဝါတာ နာဘေးကုမ္ပဏီမှ အရင်းအနှီးအတွက် ငွေကြေးအထောက်အပံ့ ရယူကာ ကြီးပွားလျက်ရှိသော လုပ်ငန်းရှင်၊ နှစ်ဆယ့်ခြောက်နှစ်အရွယ် အမျိုးသမီး ယူကီဆာတိုးကလည်း ကျေးဇူးတင်စကားပြောကြားသည်။ ယင်းအမျိုး သမီး၏ဈေးကွက်မှာ လခစားရုံး အမှုထမ်းများအတွက် နေ့လယ်စာ ပူပူနွေးနွေးကို ဖြန့်ဝေရောင်းချသောလုပ်ငန်း ဖြစ်သည်။ တိုကျိုမြို့ နီရှိ ရှင်ဂျူကု လမ်းမတစ်လျှောက်ရှိ ရုံးများတွင် အမှုထမ်းနေသော လခစား တို့သည် နေ့လယ်စာကို အစားအသောက် ဆိုင်များသို့ သွားချိန်ကောင်းစွာ မရကြချေ။ သူတို့က အိမ်မှ ထမင်းဘူး ယူလာနိုင်ရန် အခွင့်မသာသည့် အပြင် ဂျပန်တို့ဓလေ့အတိုင်း အစားအသောက်ကို ပူပူနွေးနွေး စားတတ် ကြသဖြင့် နေ့လယ်စာအတွက် ပြဿနာတက်ကြရာ အမျိုးသမီး ယူကီ ဆာတိုးက ဖြေရှင်းပေးလိုက်ခြင်း ဖြစ်သည်။ သူသည် ထိုဈေးကွက်ကို မြင်သော်လည်း အရင်းအနှီး မပြည့်စုံသဖြင့် အားမလို အားမရဖြစ်နေရာ ဝါတာနာဘေး၏ ကျေးဇူးကြောင့် သူ့မျှော်မှန်းချက် အောင်မြင်လျက် ရှိလေသည်။

ဆာတိုးကဲ့သို့သော စီးပွားရေးလုပ်ငန်းရှင်ငယ်တို့သည် ဈေးကွက် အမျိုးမျိုးတွင် ဝါတာနာဘေး၏ ထောက်ပံ့ကူညီမှုကြောင့် ယခုအခါ ကြီးပွားလျက် နောင်တွင် တိုးတက်ရန် လမ်းဖြောင့်လျက် ရှိလေသည်။ ကျွန်တော်တို့ဆီမှာလည်း နိုင်ငံခြားသား စီးပွားရေးလုပ်ငန်းရှင်အချို့ သည် အလားတူထောက်ပံ့မှုရကြကြောင်း သိရပေသည်။ အရင်းငွေထုတ် ချေးမှုတွင် ချေးယူသူတို့၌ သစ္စာရှိကြရန် အလွန့် အလွန် လိုအပ်သည်။ တစ်နပ်စားဉာဏ်သမားတို့မှာ တစ်နပ်ကိုပင် ဖြောင့်အောင် မစားရဘဲ ဘဝပျက်သည်အထိ ဆုံးရှုံးသွားကြမည်သာ ဖြစ်သည်။ မြန်မာ့စီးပွားရေး

mgyoe.com

mgyoe.com


လုပ်ငန်းရှင်တို့သည် များသောအားဖြင့် အောက်ခြေမှ ရုန်းကန်၍ တက်လာကြသူများ ဖြစ်သဖြင့် ကိုယ်ချင်းစာတတ်ကြငြားလည်း ကူညီထောက်ပံ့မှု ပြုနိုင်စွမ်း မရှိချေ။ အချို့မှာ စေတနာရှိသော်လည်း ထောက်ပံ့ခံရမည့်သူများ၏ "စီးပွားရေးသစ္စာ" မည်မျှရှိမည်ကို စဉ်းစားချင့်ချိန်နေကြဆဲပင် ဖြစ်ကြသည် ထင်ပါသည်။ ထောက်ပံ့ခံယူသူတို့မှာ ထိုက်တန်သော စီးပွားရေးအမြင်နှင့် လုံ့လဝီရိယတို့သည်လည်း အထူးလိုအပ်သည်သာ ဖြစ်သည်။

❐

mgyoe.com

mgyoe.com

# အလုပ်ဂုဏ်ရှာပုံတော်

လူ့အဖွဲ့အစည်းတစ်ခုမှာ အလုပ်သည် စီးပွားရေးအတွက် သက်သက်မျှသာ ဖြစ်သည်ဟူသော အယူအဆရှိနေလျှင် ထိုအယူအဆသည် ကင်ဆာရောဂါပိုးပမာ ထိုလူ့အဖွဲ့အစည်းကို နောက်ဆုံး၌ ဝါးမျိုသွားလိမ့်မည်။ ငွေကြေးရရေးအတွက်သာ အလုပ်လုပ်သည်ဟု ထင်မှတ်နေပါမူ ထိုအလုပ်သမားသည် စာရိတ္တ ပျက်ပြားချေမည်။ ငွေကိုသာ ပဓာနထားပြီး အလုပ်တန်ဖိုးကို ဖြတ်လျှင် လူ့လောက၌ရှိသော ကောင်းမွန်၍ တန်ဖိုးအစစ် ရှိသောအရာတို့ကို အဖိုးမတန် ဖြစ်စေလိမ့်မည်။ ယင်းအရာအားလုံးသည် စရဏတရားနှင့် အတ္တစွဲ နည်းပါးကင်းမဲ့သော အဖိုးတန်ဥစ္စာများ ဖြစ်ပေသည်။

ယင်းသို့လျှင် စီးပွားရေးပညာရှင်တစ်ဦးက ဆိုသည်။ လူသားတို့၏ လက်ဖြင့် လုပ်သော အလုပ်သည် စိတ်စေတနာကောင်းပါရှိသဖြင့် နေ့စဉ်နှင့်အမျှ မင်္ဂလာရှိသော တီထွင်ဖန်တီးမှုပင် ဖြစ်၏။ အလုပ်သမားသည် သဘာဝနှင့်ပူးပေါင်း၍ ကောက်ပဲသီးနှံတို့ ပေါ်များ ဖွံ့ဖြိုးစေသည်။ တိရစ္ဆာန်များအား ပွားများစေ၏။ ဓာတ်သတ္တုများ ထုတ်ယူပြီးလျှင်

mgyoe.com

mgyoe.com


လူတို့၏အကျိုးကို ဆောင်သောပစ္စည်းများကို လုပ်ငန်းစဉ် အဆင့်ဆင့်ကို ကျော်ဖြတ်၍ တီထွင်ထုတ်လုပ်ပေးသည်။

အလုပ်မရှိသော လူသည် သနားစရာ သတ္တဝါ ဖြစ်ချေသည်။ သူ့နှုတ်ခမ်းမှ အပြုံးသည် ထွက်ခွာသွားလေပြီ။ သွက်လက်ဖျတ်လတ်သည့် စွမ်းရည်ပျောက်ကွယ်လေပြီ။ အလုပ်၌ ဂုဏ်ယူမှုဟူ၍ မရှိတော့ချေ။ သူ့ဇနီးနှင့် ပြောဆိုရာတွင် အသံသာယာခြင်း မရှိတော့။ သူ့သားသမီးများကို ချစ်မြတ်နိုးသောအကြည့်ဖြင့် မကြည့်နိုင်တော့ချေ။ အိမ်မှထွက်၍ သွားစရာ အလုပ်ခွင် မရှိသဖြင့် ယောင်လည်လည်ဖြစ်ကာ ရှက်ကိုးရှက်ကန်း ဖြစ်နေတော့သည်။

ယင်းသည် အလုပ်၏ဂုဏ်ကို အလုပ်မရှိခြင်း၏ ကျက်သရေမဲ့ခြင်းဖြင့် ထင်ရှားစေသော စကားရပ်တို့ပင် ဖြစ်သည်။ အမှန်မှာ လူတိုင်းအလုပ်လုပ်ရမည်။ အလုပ်မလုပ်သူသည် လူ့လောက၌ လူပိုဖြစ်ရုံမျှမက လောကကျက်သရေမဲ့စေသူဖြစ်နေချေသည်။ အလုပ်သည်သာလျှင် လူ့ဘဝ၏အဓိပ္ပာယ်နှင့် အနှစ်သာရကို ဆောင်ပေသည်။ အလုပ်က လူသားအား ရွှင်လန်းချမ်းမြေ့ခြင်းကို ပေးသည်။ မိမိကိုယ်ကိုမိမိ အခိုင်အမြဲ ယုံကြည်အားကိုးမှု ဖြစ်ထွန်းစေသည်။ လူ့လောကတွင် မိမိနှင့်ထိုက်တန်သောနေရာကို ယူ၍ လူ့တာဝန်၊ လူ့ဝတ္တရားများကို ဆောင်ရွက်နိုင်ခွင့်ရသည်။ အချုပ်ဆိုသော် လူတစ်လုံး၊ သူတစ်လုံးဖြစ်၍ အရေးပါအရာဝင်ပေသည်။

ပြင်သစ်ပညာရှင် တစ်ဦးဖြစ်သော ချားလ်စ် ပေးဂိုင်း (Charles Peguy) က ရှေးခေတ်က အလုပ်သမားတို့၏ရုပ်အသွင်ကို ဖော်ပြလိုက်သည်။ "ရှေးခေတ်က အလုပ်သမားတို့သည် အလုပ်ကို ချစ်မြတ်နိုးကြသည်။ အလုပ်လုပ်ရမှ ပျော်ရွှင်သည်။ နေ့စဉ်နှင့်အမျှ မိမိ၏အလုပ်ကို မိမိဖို့လုပ်ရမည့်အရေး တွေးလျက် အလုပ်ခွင်သို့ သီချင်းတကြော်ကြော်နှင့်

mgyoe.com

mgyoe.com


နံနက်စောစောထ၍ သွားကြသည်။ နေ့လယ်စာစားချိန်တွင် စားသောက်ပြီး ခေတ္တနားကြသည်။ နောက်ဆက်လက်၍ အားမာန်အပြည့်ဖြင့် လုပ်ဆောင်ကြသည်။ ညနေစောင်းတော့ တစ်နေ့တာ လုပ်ငန်းပြီးမြောက်လေပြီဖြစ်သောကြောင့် အိမ်သို့ပျော်ရွှင်စွာ ပြန်ကြလေသည်။ သူတို့သည် အလုပ်ကို အခကြေးငွေရခြင်းကို ပဓာနမထားဘဲ အလုပ်ကို အလုပ်အဖြစ် စိတ်အားထက်သန်စွာ လုပ်ကြသည်။ အလုပ်သည်သာ မိမိ၏ဘဝ၊ အလုပ်သည်သာလျှင် လူ့ဂုဏ်ဆောင်ပေသည်ဟူသော ယုံကြည်မှုကို အရင်းခံကြပေသည်။ ထိုအလုပ်သမားတို့သည် အလုပ်ရှင်၏ ကြေးစားကျွန်အဖြစ် မှတ်ယူခြင်း မပြုကြပေ။ အလုပ်ပြီးမြောက် အောင်မြင်ခြင်း၌ ဂုဏ်ယူမှုသာ ပြုကြပေသည်။ အလုပ်ကို ကျနသေချာစွာ လုပ်ခြင်းသည် လူ့သမိုင်းကို ပြုစုမှုတစ်ရပ်ဖြစ်သည်ဟု မှတ်ယူကြကာ သေးနုပ်သည့် အလုပ်ကိုပင် ကြီးကျယ်သောအလုပ်ကို လုပ်သည့်နည်းတူ အားကြိုးမာန်တက် လုပ်ဆောင်ကြသည်။ ကုလားထိုင်ကလေးတစ်လုံး ပြုလုပ်ခြင်းနှင့် တန်ဆောင်းကြီးတစ်လုံး တည်ဆောက်ခြင်းတို့သည် အရေးပါရာ၌ ရည်တူသည်ဟု သဘောထားကြပေသည်။

ရှေးခေတ်မှလွန်၍ ဥရောပတိုက်တစ်ဝန်းတွင် စက်မှုအရေးတော်ပုံကြီး ပေါ်ထွန်းလာချိန်မှစ၍ အလုပ်သမားတို့သည် တာဝန်ပျက်လာကြသည်။ လုပ်ခများများရရေးကို ပို၍ အာရုံစိုက်ကြသည်။ အလုပ်၏ဂုဏ်ကို အလေးဂရုမပြုတော့ဘဲ အလုပ်ရှင်က အမြတ်ကြီးရရေးနှင့် ယှဉ်တွဲ၍ အလုပ်သမားတို့ကလည်း လုပ်ခများစွာရရေးတို့ကိုသာ အာရုံစိုက်ကြသည်။ လုပ်ခသည် ရောင်းကုန်တစ်ခုသဖွယ်ဖြစ်ကာ အမြတ်ရဖို့သာ အရေးဆိုကြသည်။ လောဘလွှမ်းမိုးလာပြီဖြစ်သောကြောင့် အလုပ်၏ အရည်အသွေးတို့သည် ကျဆင်းချေသည်။ အလုပ်သမားတို့သည် စုပေါင်း၍ တော်စွ လျော်စွ လုပ်ပြီးလျှင် လုပ်ခတိုး

mgyoe.com

mgyoe.com


ပေးရန် တောင်းဆိုကြလေသည်။

ယင်းသို့လျှင် စက်မှုနိုင်ငံကြီးများတွင် အလုပ်ဂုဏ်ဟူ၍ မရှိတော့ချေ။ အလုပ်၏တန်ဖိုးကိုလည်း ဂရုမစိုက်ကြတော့ဘဲ အလုပ်သမားတို့၏ စရဏတရားသည် ယိုယွင်းပျက်ပြားလေတော့သည်။ အလုပ်ဆိုသည်မှာ မလွှဲသာ၍ လုပ်ရခြင်းမျှသာ ဖြစ်သည်။ အလုပ်နည်းနည်းလုပ်၊ ဝင်ငွေများများရလျှင် ပြီးစီးပြီဟူသော သဘောထားဆိုးဝင်၍ စိုးမိုးလာချေသည်။

အလုပ်ဂုဏ်ကို အလုပ်သမားကပင် ဖျက်ဆီးပစ်ကြသည်။ အလုပ်ကို အလုပ်အဖြစ် မှတ်မှတ်သားသား မလုပ်ကြတော့သဖြင့် အလုပ်မှာ တီထွင်မှုမရှိ၊ အလုပ်တွင်ကျယ်မှုလည်း မရှိ၊ လုပ်ပြီးပစ္စည်းများသည်လည်း ပေါများလာသည်နှင့်အမျှ အရည်အသွေး ညံ့ဖျင်းလာလေတော့သည်။

အလုပ်သမားနှင့် အလုပ်ရှင်တို့၏ဆက်ဆံမှုသည်လည်း တဖြည်းဖြည်း ပျက်ပြား၍ ယခင်က ထားရှိခဲ့သော မိသားစုစိတ်ဓာတ်သည် လုပ်ငန်းခွင်မှ ခွာထွက်သွားချေပြီ။ လောဘလွှမ်းမိုးနေပြီဖြစ်သဖြင့် အလုပ်သမားနှင့် အလုပ်ရှင်၊ အလုပ်သမား အချင်းချင်းတို့သည် အစိတ်စိတ်အပိုင်းပိုင်းဖြစ်ကာ ရန်သူသဖွယ် ဆက်ဆံကြချေသည်။ လုပ်ငန်းရှင်တို့က အလုပ်သမားများကို ခိုင်းစေ၍ အမြတ်ထုတ်ကြသည်။ အလုပ်သမားတို့ဘက်ကလည်း အလုပ်ရှင်ကို အကျပ်ကိုင်၍ လုပ်ခပို၍ ပို၍ တောင်းဆိုကြသည်။ ယင်းသို့ ပဋိပက္ခကြောင့် လုပ်ငန်းတိုးတက်ကောင်းမွန်ရေး ပျက်ပြားလေတော့သည်။

ယင်းအဖြစ်မျိုးသည် ကမ္ဘာအနှံ့ နိုင်ငံအသီးသီးမှာ ဖြစ်ပေါ်လျက်ရှိရာ လုပ်ငန်းထွက်ပစ္စည်းများသည် အရည်အသွေး ညံ့မှန်းမသိညံ့လာကြသည်။ အခြေအနေ ဆိုးဝါးလာသည့်အဖြစ်ကို မြင်တတ်ကြ

mgyoe.com

mgyoe.com


သော ပုဂ္ဂိုလ်တို့က အလုပ်ရှင်နှင့် အလုပ်သမားတို့ နှစ်ဖက်စလုံးက အလုပ်ဂုဏ်ကို မြင်သိလျက် တိုးမြှင့်ကြရန် နှိုးဆော်လျက် ရှိကြသည်။

အလုပ်၏ ဂုဏ်ကို အလုပ်သမားတို့က မှန်ကန်ကောင်းမွန်စွာ သိနားလည်တတ်ရေးနှင့် အလုပ်ရှင်တို့ကလည်း အမြတ်ကြီးစားစိတ်ကို ချိုးနှိမ်၍ လုပ်ငန်းတစ်ခုလုံးကို မိမိတို့သာ ပိုင်သည်ဟု သဘောမထားဘဲ အလုပ်သမားများလည်း ဆိုင်သည်ဟု ယူဆကာ နှစ်ဦးနှစ်ဖက်စေတနာမှန်ကန် သန့်ရှင်းစွာ ပူးပေါင်းလုပ်ဆောင်မှသာ လုပ်ငန်းမှာ ထူးခြားသော အောင်မြင်ခြင်း ဖြစ်ထွန်းပေလိမ့်မည်။ "အလုပ်မှန်သမျှ ဂုဏ်ရှိစွ" ဟူသော ဆောင်ပုဒ်၏အဓိပ္ပာယ်သည် လေးနက်လှပေ၏။ အလုပ်ရှင်သည်လည်း သူ့ကဏ္ဍမှာ လုပ်ဆောင်နေရသောကြောင့် စင်စစ်ယင်းသည်ပင်လျှင် အလုပ်သမားတစ်ဦးဖြစ်သည်။ ယင်းသို့ သဘောထားပြောင်း၍ စိတ်ထားကြည်လင်မှုကို ရင်ဝယ်ပိုက်ကာ ပူးပေါင်းဆောင်ရွက်နိုင်မှသာ လုပ်ငန်း၏အောင်မြင်ခြင်းသည် စစ်မှန်ပေလိမ့်မည်။

အလုပ်ဂုဏ်ကို စောင့်ထိန်း၍ မြှင့်တင်ခဲ့ကြသော ရှေးခေတ်အလုပ်သမားကြီးတို့၏ စံနမူနာကို အမြဲသုံးသပ်လျက် ဝိသမလောဘ၏ ပယောဂကို စွန့်ခွာကာ မိသားစုစိတ်ဓာတ် အပြည့်အဝ ပြန်လည်ဖြစ်ထွန်းရေး၌ အာရုံစိုက်၍ လိုအပ်သလို လုပ်ဆောင်နိုင်မှသာ လူ့လောကတစ်ခွင်တွင် စည်ပင်သာယာ ငြိမ်းချမ်းသည့်အခြေအနေ ပြန်လည်ထွန်းကားပေလိမ့်မည်ပင်တည်း။

❒

mgyoe.com

mgyoe.com

# လက်ဝေခံမှ ကိုယ်ပိုင်လုပ်ကိုင်မှုသို့

စီးပွားရေးလောကတွင် ဝင်၍ ကြီးပွားချမ်းသာမှု ရစေခြင်းငှာ ကြိုးစားလျက် ရှိကြသော လူငယ်လူရွယ်တို့သည် မိမိတို့လုပ်ငန်းများ၌ ကျွမ်းကျင်ရမည်သာ ဖြစ်သည်။ မြန်မာနိုင်ငံ၌ စီးပွားရေးလောကသည် အခြေအနေသစ်သို့ ကူးပြောင်းလျက် ရှိ၏။ အစမှာသာရှိသေးသဖြင့် စီးပွားရေးလုပ်ငန်းပိုင်ရှင်များနှင့် စီမံကွပ်ကဲသူ (မန်နေဂျာ) တို့သည် အတွေ့အကြုံ နည်းပါးနေသေးသည့်အလျောက် ကျွမ်းကျင်မှုမှာ လိုအပ်နေဦးမည်သာ ဖြစ်သည်။ ယင်းသည် ဓမ္မတာ ဖြစ်၏။

အစမှ စရသူအဖို့ ကောင်းပေသည်။ ရှေးခေတ်စီးပွားရေး ပညာရှင်တို့၏ အဆိုအမိန့်တို့ကို လေ့လာရသော်လည်း ခံယူချက်နှင့် အမြင်တို့မှာ မျက်မှောက်ခေတ်ဖြစ်ရမည်။ စီးပွားရေးပညာသည် ခေတ်နှင့်အတူ ပြောင်းလဲလျက် ရှိ၏။ နိုင်ငံအခြေအနေ၊ လူမှုရေးအခြေအနေ၊ နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးပုံစံနှင့် အလားအလာများ၊ ကမ္ဘာ့ အရပ်ရပ်အခြေအနေတို့သည် ပြောင်းလဲလျက် ရှိကြသည်။ သိပ္ပံနှင့် နည်းပညာတို့၏ပယောဂကြောင့် အပြောင်းအလဲတို့သည် မြန်လှချေ

mgyoe.com

mgyoe.com


သည်။ ထို့ကြောင့် စီးပွားရေးသမား လူငယ်များသည် ခေတ်မီလေအောင် အမြဲလေ့လာ သုံးသပ်နေရပေမည်။ စီးပွားရေး လောကရှိ အရပ်ရပ်သော ပညာ ဗဟုသုတတို့ကို အစဉ်မပြတ် လေ့လာနေကြရပေလိမ့်မည်။ သက်ဆိုင်ရာ စာအုပ်စာတမ်းများ စာနယ်ဇင်းများကို နေ့စဉ် အလုပ်တစ်ရပ်အနေဖြင့် ဖတ်ရှုမှတ်သား၍ လေ့လာလျက် ရှိရပေမည်။ မိမိ၏ လုပ်ငန်းဆိုင်ရာ အကြောင်းခြင်းရာတို့ကို အထူးဂရုပြု၍ လေ့လာနေရပေမည်။ အချုပ်ဆိုသော် သွက်လက်ထက်မြက်သော ဉာဏ်အမြင်ကို လေ့ကျင့်ပညာယူလျက် ရှိရပေလိမ့်မည်။

သွက်လက်ထက်မြက်သော ဉာဏ်အမြင် တိုးတက်ရေးသည် အရေးပါလှ၏။ ယင်းသို့ သွက်လက်ထက်မြက်ခြင်းသည် (ပြောရစေတော့) လူလည်ကျဖို့ မဟုတ်ပေ။ ရိုးသားတည်ကြည်မှုသည် ကြီးပွားလိုသူတို့၏ ကြီးမြင့်သော ဂုဏ်ဖြစ်၏။ စီးပွားရေး အမြင်ကျယ်လျက် သွက်လက်ထက်မြက်သော ဉာဏ်ဖြင့် အကွက်ဆိုက်အောင် လုပ်ဆောင်တတ်ဖို့ လိုသည်နှင့်အမျှ တစ်ဖက်မှာ အများက ယုံကြည်လေးစားအပ်သော ရိုးသားဖြောင့်မတ်ခြင်း၊ တည်ကြည်ခြင်းရှိရပေမည်။ တစ်နပ်စားဉာဏ်မျိုးကို စက်ဆုပ်လျက် မိမိ၏သန္တာန်၌ မရောက်လာအောင် ကာကွယ်သင့်ပေသည်။ စားသာသလို စားပြီး ငွေကြေးမြောက်မြားစွာ ရခြင်းသည် အောင်မြင်ခြင်းမဟုတ်။ မယုံကြည်အပ်သော အခြင်းအရာသည် တဖြည်းဖြည်း ပေါ်လွင်ပျံ့နှံ့ချေမည်။ ထိုအခါ၌မူ ကျဆင်းရန်ရှိတော့သည်။

စီးပွားရေးလောက၌ အပြိုင်အဆိုင် ကိစ္စသည် အရေးကြီးလှပေသည်။ ယင်းကိစ္စ၌ မသမာမှုများအဘက်ဘက်မှ ဝင်နိုင်သည်။ စီးပွားရေးလောကမှာလောက် မသမာမှု ပေါသည်မှာ မရှိပေ။ မသမာမှုဖြင့် ပြိုင်ဆိုင်ကြသည်တို့ကို ကြုံတွေ့ရင်ဆိုင်ကြပေလိမ့်မည်။ ထိုအခါမျိုး၌ မိမိ၏

mgyoe.com

mgyoe.com


သိက္ခာနှင့် သမ္မာတို့သည် အရေးပါသော လက်နက်များ ဖြစ်သည်။ သိက္ခာနှင့် သမ္မာဟူသော ပါဠိဝေါဟာရတို့ကို သုံးလိုက်သော်လည်း မြန်မာဝေါဟာရအဖြစ်သို့ရောက်ပြီး ဖြစ်ကြသဖြင့် အများနားလည် ပေလိမ့်မည်။ အထူးသဖြင့် 'သိက္ခာ' ဆိုသည့်စကားလုံးကို နားလည်သူ များ၏။ သို့သော် အများက အဓိပ္ပာယ်ကောက်မှားနေသည်ကို တွေ့ရ သည်။ သိက္ခာသည် 'ကျင့်ဝတ်' ဖြစ်၏။ ကိုယ်စိတ်အမူအရာတို့ကို ထိန်းခြင်း၊ ဣန္ဒြေ ဖြစ်သည်။ သိက္ခာရှိရေးမှာ အပြုအမူ အနေအထိုင် စည်းကမ်းရှိခြင်းကို ညွှန်းသည်။ အကျင့်စာရိတ္တ ကောင်းမွန်ခြင်းကို လည်း ညွှန်းသည်။ ထိုသို့ အနေအထိုင် မှန်ကန်သဖြင့် ဂုဏ်ရှိလာ သည်ကို အစွဲပြု၍ 'ဂုဏ်သိက္ခာ' ဟု ခေါ်ကြသည်။ (အင်္ဂလိပ်ဝေါဟာရ Integrity နှင့် အဓိပ္ပာယ် နီးစပ်သည်။)

လူအများက တစ်ခုခုကို မလိုလားအပ်မှုဖြစ်လာလျှင် 'သိက္ခာ ကျသည်' ဆိုတတ်ကြသည်။ မလိုလားမှုမှာ မိမိက အကျင့်ပျက်၍ မဟုတ်။ သူတစ်ပါးက မလိုမုန်းထားပြီး မတရားစွပ်စွဲခြင်း၊ သားပုပ် လေလွင့် ပြောဆိုခြင်းတို့ကြောင့် ခံရသည်သာ ဖြစ်၏။ ယင်းကိစ္စတွင် မည်သူ့မှာ သိက္ခာကျသနည်း။ မတရား စွပ်စွဲခံရသူဟု အထင်မှားကြ သည်။ စင်စစ်မှာ မတရား စွပ်စွဲသူသာလျှင် သိက္ခာကျရပေမည်။

စီးပွားရေးလောကတွင် 'သိက္ခာချမှု' များ ပြုကြသည်။ ထိုသို့ အဖြစ်ခံရသည့်အခါ ဣန္ဒြေရရ တွန်းလှန်နိုင်ရေးအတွက် အစကတည်းက ပြုစုထားရပေမည်။ ယင်းသည်ကား လုပ်ငန်းတွင် ဆက်ဆံမှု မှန်ကန် ခြင်း၊ သူတစ်ပါး လူအများ၏ ယုံကြည်မှုကို ရယူခြင်း၊ မိမိ၏ပစ္စည်း များ ကောင်းသည်ထက်ကောင်း၊ အမျိုးမှန်သည်ထက် မှန်ခြင်း စသည် တို့ကို စုပေါင်းထားသော ဂုဏ်ဒြပ်ပင် ဖြစ်သည်။ ယင်းဂုဏ်ဒြပ်ဟူသော မိမိအား လေးစားစေသော အပြုအမူတို့ကို စီးပွားရေးလုပ်ငန်းအစဥ်

mgyoe.com

mgyoe.com


ပြည့်စုံစွာ ဖြစ်စေဦးမည်မဟုတ်ပေ။ တဖြည်းဖြည်း ဆည်းပူးရယူရမည်သာ ဖြစ်သည်။ ယင်းသို့ မိမိအတွက် ကောင်းသောအင်အားစုများ စုဆောင်း၍ မိမိဂုဏ်ဒြပ်ကို ခိုင်မာတောင့်တင်းလေအောင် ဆည်းပူးခြင်းမှ ရသောရလဒ်သည် 'သမ္မာ' ဟူသော 'အဆောက်အအုံ' ပင် ဖြစ်၏။ အဆောက်အအုံ ခိုင်မြဲခြင်းသည် စီးပွားရေးလုပ်ငန်းအတွက် အလွန်အရေးပါသည်။ မျိုးဆက်အဆက်ဆက်တို့ အမွေခံယူ၍ ဆက်လက်လုပ်ဆောင်ခဲ့ကြသော စီးပွားရေးလုပ်ငန်းကြီးများ သည် ခိုင်မြဲကြ၏။ 'နာမည်ကြီး' လှပေသည်။

ယခုအခါတွင် စီးပွားရေးလုပ်ငန်းများစွာသည် အသစ်စက်စက်တွေသာ များပေသည်။ စီးပွားရေးလုပ်ငန်းရှင်များစွာတို့သည် လူငယ်လူရွယ်များ ဖြစ်ကြသည်။ ထိုလူငယ်လူရွယ်တို့သည် စီးပွားရေးအတတ်ပညာကို လုပ်ရင်းကိုင်ရင်း အတွေ့အကြုံများဖြင့် ဆည်းပူးကြရပေမည်။ ကိုယ်တွေ့သာမက တစ်ဖက်မှလည်း စာတွေ့ကို ဆည်းပူးရန်လိုအပ်သည်။ စာတွေ့၌ 'ငါတွေ့' လည်း ပါဝင်သည်။ လုပ်ငန်းရှင်ကြီးများ၏ အတွေ့အကြုံများကို နမူနာယူရန်လည်း လိုအပ်ပေသည်။ နမူနာယူသည်ဆိုရာ၌ သူလုပ်သလို လိုက်လုပ်ဖို့ မဟုတ်ပေ။ သူ့အမှားကို မိမိအဖို့ သင်ခန်းစာအဖြစ် ဝေဖန်ရယူနိုင်သည်။ သူ့အောင်မြင်မှုများကိုလည်း စိစစ်၍ သူ့ခေတ် သူ့အခြေအနေတို့အရ အောင်မြင်ခြင်းတို့သည် မိမိ၏ခေတ်နှင့် အခြေအနေတို့နှင့် နှိုင်းယှဉ်၍ နည်းကောင်းများကို ဆီလျော်သလို ပြုပြင်၍ ယူနိုင်ပေသည်။

စီးပွားရေး လုပ်ငန်းတစ်ခုကို ဦးစီးဦးကိုင် ပြုမည်ဆိုလျှင် မိမိမှာ ထိုလုပ်ငန်းနှင့် ပတ်သက်သည့် အကြောင်းခြင်းရာတို့ကို စေ့စေ့စုံစုံ သိနားလည်ရန် ကြိုးစားဖို့လိုသည်။ အောင်ခြေသိမ်းတတ်သိနားလည်မှ ငယ်သားတို့ကို မိမိက စီမံခန့်ခွဲနိုင်မည်။ ငယ်သားတို့က မိမိကို

mgyoe.com

mgyoe.com


လေးစားကြည်ညိုမှသာ သူတို့၏ နာခံလိုက်နာမှုကို ရမည်။ မိမိ မတတ်ကျွမ်းသော လုပ်ငန်းမျိုးကို မလုပ်သင့်ပေ။ နောင်အောင်မြင်မှု များစွာ ရပြီးမှ စီးပွားရေးလုပ်ငန်းနယ်ချဲ့ကာ လုပ်ငန်းသစ်များကို လုပ်ကိုင် မည်ဆိုလျှင် ထိုလုပ်ငန်းတတ်ကျွမ်းသူတို့ကို ရွေးချယ်၍ မိမိက ဦးစီးရပေ မည်။ အခိုက်အတန့်အားဖြင့် ခြေလှမ်းမကျဲသင့်ပေ။ အချို့လုပ်ငန်းရှင် တို့သည် မိမိတို့ ပိုင်နိုင်စွာ တတ်ကျွမ်းသောလုပ်ငန်းကိုသာ အာရုံစိုက်၍ စိမ်ခန့်ခွဲကာ လုပ်ဆောင်သဖြင့် စီးပွားအကြီးအကျယ်တက်ကြပေသည်။

ကမ္ဘာအရပ်ရပ်တွင် စီးပွားရေးလောကသည် ခေတ်အလျောက် တိုးတက်ကျယ်ပြန့်လျက် ရှိ၏။ သိပ္ပံနှင့် နည်းပညာတို့ကလည်း တိုးတက်မှုကို ကြီးစွာ ကျေးဇူးပြုလျက် ရှိလေသည်။ ကမ္ဘာ့လုပ်ငန်းရှင် ကြီးများ၏ လုပ်ဆောင်မှုများ၊ အောင်မြင်မှုများ၊ ဆုံးရှုံးမှုများကို ဖော်ပြ ထားသော အတ္ထုပ္ပတ္တိ စာအုပ်များသည် စိတ်ဝင်စားဖွယ်ဖြစ်သည်။ မြန်မာလူငယ် စီးပွားရေးသမားတို့သည် ထိုစာအုပ်များကို ဖတ်၍ စိတ်အားထက်သန်ခြင်း၊ ပညာဗဟုသုတတိုးပွားခြင်း စသည့် ကျေးဇူး များကို ရယူခံစားသင့်ပေသည်။ ထိုမျှမကသေး။ အခြားသော စာပေများ ကိုလည်း ဖတ်သင့်သည်။

စီးပွားရေးလောက၏ အသွင်အပြင် အခြေအနေပြောင်းလဲ လျက်ရှိသဖြင့် ရှေးခေတ်တွင် ထွန်းကားခဲ့သော လက်ဝေခံ စီးပွားရေး အစား ကိုယ်ပိုင်ဦးစီး၍ ထုတ်လုပ်ရောင်းဝယ်သော စနစ်သည် ယခုခေတ် တွင် ထွန်းကားစ ပြုလာလေပြီ။ ထိုသို့ ပြောင်းလဲသော အခြေအနေတွင် လူငယ်လူရွယ်များက စီးပွားရေးလောကသို့ ဝင်ရန် ပြင်ဆင်နေကြသည်။ အချို့ကလည်း ဝင်နေကြလေပြီ။ စီးပွားရေး ဖွံ့ဖြိုးစေရန် နိုင်ငံတကာနှင့် ဆက်သွယ်၍ အရောင်းအဝယ်များ ပြုလုပ်ကြရပေတော့မည်။ ရှေးခေတ် ကကဲ့သို့ လက်ဝါးကြီးအုပ်စနစ်မျိုးပပျောက်စေရန် လူငယ်လူရွယ်

mgyoe.com

mgyoe.com


စီးပွားရေးသမားတို့က ကြိုးပမ်းကြရမည်ဖြစ်ရာ စီမံခန့်ခွဲမှု၊ ထုတ်လုပ်မှု၊ စီးပွားရေး အမြင်ကျယ်မှု စသည့် လုပ်ငန်းအရည်အချင်းများကို ပြည့်စုံစွာ ရရှိရန် ကြိုးစားရပေလိမ့်မည်။ စီးပွားရေးတိုးတက်မှ နိုင်ငံတိုးတက်မည်။ အဘက်ဘက်တွင် တိုးတက်ရန် အလားအလာများ ပေါ်ထွန်းလာမည် မျှော်လင့်ရပေသည်။

□

mgyoe.com

mgyoe.com

## တကယ့်စီးပွားရေးသမား

စားဝတ်နေရေးအတွက် အလုပ်လုပ်သူမှသည် အများအကျိုးစီးပွား၊ နိုင်ငံနှင့် လူမျိုးတို့၏ အကျိုးစီးပွားတို့အတွက် ဆောင်ရွက်နေသော နိုင်ငံခေါင်းဆောင်များ၊ လူသားတို့အား အသိပညာ၊ အတတ်ပညာပေးနေသော ပညာရှင်များ စသည်ဖြင့် လူသားတို့သည် စီးပွားရေးသမားများ ဖြစ်သည်။ မိမိ၏ အကျိုးစီးပွား၊ သူတစ်ပါး၏ အကျိုးစီးပွားတို့အတွက် လုပ်ဆောင်ကြသဖြင့် စီးပွားရေးသမားတို့ချည်း ဖြစ်သည်။

သို့သော် အများက ထင်မှတ်နေကြသည်မှာ ဝန်ထမ်းများ၊ ပညာရှင်များ၊ ရာထူးရှင်များ၊ အနုပညာရှင်များသည် စီးပွားရေးသမား မဟုတ်။ ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းဝယ်မှု စသည့်လုပ်ငန်းတို့ကို လုပ်သူတို့သာလျှင် စီးပွားရေးသမားများ ဟူ၍ပင်။

ဆရာကြီး စမိုင်းလ်စ်က အလုပ်ဟူသမျှ ဂုဏ်ရှိ၏ဟု ဆိုသည်။ မည်သည့်အလုပ်မဆို အထိုက်အလျောက် ဂုဏ်ရှိသည်။ ကုန်စုံဆိုင်ရောင်းသမားနှင့် သန်းကြွယ်သူဌေးကြီးတို့ ဂုဏ်ချင်းယှဉ်သောအခါ သူဌေးကြီးကို အများက ဂုဏ်ကြီးရှင်ဟု ဆိုချေမည်။ စဉ်းစားတတ်သူက

mgyoe.com

mgyoe.com


သက်ဆိုင်ရာပုဂ္ဂိုလ်၏ စရဏာတ ရသအပေါ်တွင် တည်သည်ဟု မယုတ်မလွန် ဖြေပေလိမ့်မည်။ ဆရာကြီးစမိုင်းလ်စ်က အလုပ်လုပ်၍ လက်ပေကျံညစ်ပတ်နေခြင်းထက် အလုပ်ကြီး အကိုင်ကြီးလုပ်လျက် စိတ်ညစ်ပတ်နေခြင်းက ပို၍ ကျက်သရေယုတ်သည်ဟု ဆိုသည်။ အလုပ်ကြောင့် ဂုဏ်နိမ့်ခြင်းမရှိ။ လုပ်ကိုင်သူ၏စိတ်ကြောင့်သာ အလုပ်ဂုဏ်နိမ့်နိုင်သည်ဟု ဆက်၍ဆိုသည်။ လက်ပေကျံလျှင် ရေဆေးလိုက်ပါက စင်ကြယ်သွားမည်သာ ဖြစ်သည်။ စိတ်ပေကျံလျှင် စင်ကြယ်အောင်လုပ်ဖို့ ခက်သည်။ စိတ်ကို ပေကျံစေခြင်း၏ အကြောင်းရင်းသည် ဝိသမလောဘ ဖြစ်၏။

ယခုခေတ်၌ ကုန်သည်ကြီးငယ်တို့သည် လောဘကို မထိန်းနိုင်ကြသည်က များသည်။ ဝိသမလောဘသည် အမြတ်အနည်းအများပေါ်တွင် မတည်၊ ရသင့်ရထိုက်သော သမလောဘ စိတ်ထက်ပို၍ လိုချင်သော လောဘသည်သာလျှင် ဝိသမလောဘဖြစ်၏။ ကုန်ပစ္စည်းရှားပါးခိုက်တွင် အခွင့်အရေးယူ၍ ဈေးအဆမတန်တက်ခြင်းသည် စီးပွားရေးလောကတွင် ဆိုးဝါးသော ကူးစက်တတ်သည့်ရောဂါကြီး ဖြစ်၏။ ပင်ရင်းမှ မြှင့်တင်လိုက်သော ဈေးသည်၊ ကုန်သည်တို့ လက်ဆင့်ကမ်းကြရာတွင် တက်သည်ထက် တက်လေတော့သည်။ ကုန်ဈေးနှုန်းတက်သည့် အကြောင်းများရှိ၏။ ထိုအကြောင်းများတွင် ကုန်သည်တို့လက်သို့ ကုန်ပစ္စည်းရောက်လာသောအခါ ဈေးများများ တင်လိုက်ကြသည်။ အချို့ကုန်သည်တို့က ငွေကြေးအရင်းမြှုပ်၍ ကုန်ကို ဖမ်း၍ လှောင်လိုက်ကြသည်။ ရှားပါးရန် အလားအလာရှိပြီးလျှင် အဝယ်လိုက်သော ပစ္စည်းများကို လှောင်လိုက်ခြင်းဖြင့် ရှားသည်ထက် ရှားစေခြင်းပင် ဖြစ်သည်။ ထိုအခါ လောဘဇောတိုက်သော ကုန်သည်ဝို့အဖို့ အခွင့်ကောင်းဖြစ်၏။ ဈေးကို အဆမတန် တက်ပစ်လိုက်သည်။

mgyoe.com

mgyoe.com


ကုန်ဈေးနှုန်းတက်မှုသည် အရိုက်ရလာသည်နှင့်အမျှ ဝယ်အား နည်းသွားသော်လည်း တတ်နိုင်သူတို့က ကြေးကြီးပေး၍ ဝယ်ကြသည်။ အချို့သည် မဝယ်မဖြစ်သော ပစ္စည်းများကို အောင့်သက်သက်ဖြင့် ဝယ်ကြရသည်။ ဤဆိုသော် အသက်ရှင်ရေးနှင့်ဆိုင်သော ပစ္စည်းဖြစ်သည့် ဆေးဝါးနှင့် ကုသမှု ပစ္စည်းသည် ကုန်ဈေးနှုန်း တက်ပွဲကြီးတွင် ရှေ့မှ ပြေးကြလေသည်။ ကုန်သည်များက အရောင်းအဝယ်ပြုလုပ်ခြင်းသည် အမြတ်အစွန်းရရန် ဖြစ်သည်ဆိုကြ၏။ မှန်လှပေသည်။ အမြတ်အစွန်း ရရမည်သာ ဖြစ်၏။ သို့သော် ထိုက်သင့်သည်ထက် ပို၍ရသည့် အမြတ်အစွန်းသည် ဝိသမလောဘ၏လောင်စာ ဖြစ်ချေသည်။ "ရလေ လိုလေ၊ အို... တဏှာ" ဆိုသော ရှေးရိုးအရပ်စကားသည် ဝိသမလောဘ နှင့် သက်ဆိုင်သောစကား ဖြစ်၏။ အမှန်စင်စစ်မှာ ကုန်ရောင်းကုန်ဝယ် ကိစ္စသည် လူ့ယဉ်ကျေးမှုသမိုင်း အစကတည်းက ပေါ်ပေါက်လာသည်။ ကုန်ဖလှယ်မှုဖြင့် စသည့် ဖလှယ်မှုစနစ်မှာပင် ဝိသမလောဘက ခေါင်းပြူလာလေသည်။ မိမိ၌ရှိသောပစ္စည်းကို မိမိလိုချင်သောပစ္စည်း နှင့် လဲရာတွင် နှစ်ဦးနှစ်ဖက်လုံးက မိမိရသင့်သည်ထက်ပို၍ရအောင် နည်းအမျိုးမျိုးဖြင့် ဈေးဆစ်ကြသည်။ နောက်ပိုင်းတွင် ငွေကြေးကို အသုံးပြု၍ ရောင်းဝယ်မှုပြုကြရာတွင် ဝိသမလောဘသည် ပို၍ လှုပ်ရှား လာသည်။ တဖြည်းဖြည်း ပို၍ သောင်းကျန်းလာလေသည်။

ကုန်ဈေးနှုန်း အတက်အကျသည် ကုန်ထုတ်လုပ်မှုအပေါ် တွင် တည်သည်။ ကုန်ပစ္စည်း ပေါပေါများများ ထွက်ဖို့ အရေးကြီးသည်။ ကုန်ထုတ်လုပ်ရေး တိုးတက်မှသာ နိုင်ငံစီးပွားရေး တိုးတက်ပေမည်။ နိုင်ငံတကာ ဈေးကွက်တွင် ဝင်ကုန်နှင့် ပို့ကုန်တို့ တန်ဖိုး ချိန်ခွင်လျှာ ကိုက်ညီရေးသည် အလွန်အရေးပါလှသည်။ ထိုကိုက်ညီမှုကို အမြဲ သတိပြုနေကြသည်။ ချိန်ခွင်လျှာစောင်းနေလျှင် တစ်ဖက်ကတော့ နာပြီ

mgyoe.com

mgyoe.com


သာပင်။ ကုန်ထုတ်လုပ်မှု တိုးတက်စေရန် အတတ်ပညာရှင်များ လိုအပ်သည်။ ကုန်ကြမ်းပစ္စည်းရှိလျှင် ပို၍ အကျိုးရှိသည်။ ကုန်ကြမ်းမရှိသော်လည်း အတတ်ပညာနှင့် လုံ့လဝီရိယတို့ရှိသော နိုင်ငံသည် ကြီးပွားတိုးတက်၏။ ရှိသမျှ ကုန်ကြမ်းကို ကုန်ချောဖြစ်စေကာ ဈေးကွက်ပို့လျှင် စီးပွားရေး တိုးတက်ပေမည်။

သိပ္ပံနှင့် နည်းပညာသည် ကောင်းကျိုးပြု၏။ အတတ်ပညာတတ်ကျွမ်းသူပေါများသော နိုင်ငံသည် ကမ္ဘာတွင် ရှေ့တန်းသို့ရောက်၏။ နိုင်ငံငယ်ပင်ဖြစ်စေ အတတ်ပညာရှင် ပေါများလျှင် လူရာ ဝင်သည်။ ကုန်ထုတ်လုပ်မှု၌ တိုးတက်မှု ရရှိနိုင်သည့်အလျောက် ချမ်းသာကြွယ်ဝပေမည်။ သယံဇာတပစ္စည်းများနှင့် ကောက်ပဲသီးနှံများ ဖွံ့ဖြိုးသော နိုင်ငံ၌ အတတ်ပညာထွန်းကားလျှင် ထိုနိုင်ငံကြွယ်ဝချမ်းသာမည်မှာ မလွဲသေချာပင်။ ယခုခေတ်၌ သိပ္ပံနှင့် နည်းပညာတို့သည် အရေးပါလှ၏။ အတတ်ပညာရှင်များကို လိုအပ်သည့် အထောက်အပံ့များပေး၍ နိုင်ငံစီးပွားတိုးတက်ရန် ကုန်ပစ္စည်းထုတ်လုပ်မှု၊ တီထွင်မှုများဖြင့် စီးပွားရေးပညာတတ်ကျွမ်းမှု ပြည့်စုံလျှင် စီးပွားရေးတိုးတက်ပေမည်။

စီးပွားရေးတိုးတက်မှုအတွက် ဆောင်ရွက်ရန် ပညာတတ်လူတော်လူကောင်းများ လိုအပ်သည်။ ထိုပုဂ္ဂိုလ်တို့သည် မိမိတို့ကိုယ်ကျိုးကို ကျော်လွန်၍ ပြည်သူတို့အကျိုး၊ နိုင်ငံအကျိုးအတွက် စေတနာကောင်းမွန်မှန်ကန်စွာ ဆောင်ရွက်လျှင် မိမိတို့၏နိုင်ငံကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ငယ်သော်ငြားလည်း ကမ္ဘာ့စီးပွားရေးလောက၌ နေရာကောင်းယူနိုင်မည်ပင်။

သို့မဟုတ်ပါဘဲ အရောင်းအဝယ်ချည်းသာ လုပ်နေကြလျှင် ဝယ်နိုင်အား တဖြည်းဖြည်း လျော့ပါးကာ စီးပွားရေးအခြေအနေ ပျက်ပြား

mgyoe.com

mgyoe.com


ပြီးလျှင် လူအများမှာ အသုံးကြီးသော အကျင့်၊ ဖြုန်းတတ်သော ပညာသာ ကျန်ခဲ့ပေလိမ့်မည်။

လူတိုင်း အလုပ်လုပ်၍ စီးပွားရေးလုပ်လျှင် နိုင်ငံ့စီးပွားရေး တိုးတက်လာပေမည်။ အကျိုးအမြတ်ကိုသာ ရလိုသော စိတ်သဘောထား ဖြင့် ဝိသမလောဘကို ပယ်သတ်နိုင်လျှင် တကယ့်စီးပွားရေးသမားများ ဖြစ်လာပေလိမ့်မည်။

❒

mgyoe.com

mgyoe.com

## သတင်းအခြေခံအဖွဲ့အစည်းများ

အများသိကြသည့်အတိုင်းပင် ယခုခေတ်တွင် သိပ္ပံနှင့်နည်းပညာတို့၏ ကျေးဇူးကြောင့် လူ့လောကတွင် တိုးတက်မှု များစွာဖြစ်ပေါ်နေကြသည်။ ယင်းတို့တွင် သတင်းပေးပို့ရေးကိစ္စ၌ ဆက်သွယ်မှုကိရိယာတို့သည် လွန်စွာထိရောက်သော အကျိုးပြုနိုင်ကြသည်။ ထို့ကြောင့်ပင် ယခုခေတ်ကို 'သတင်းခေတ်' ဟူ၍ပင် အမည်မှည့်ထားကြသည်။ ယခုအခါမှာ အကြောင်းအရာတစ်ခုကို သတင်းအဖြစ်ပေးပို့လိုသော် အဝေးသွား ဆက်သွယ်ရေး ကိရိယာများဖြင့် မိနစ်စက္ကန့်အတွင်း ပို့နိုင်သည်။ သတင်းများ အပြည့်အစုံကို အချိန်အခါမရွေး မနှောင့်နှေးဘဲ ပေးပို့ဖလှယ်နိုင်ကြသောကြောင့် လူမှုကိစ္စအရပ်ရပ်တို့ကို ဆောင်ရွက်ရာတွင် လွယ်ကူမြန်ဆန်ပေသည်။ ဝေးလံသောဒေသရှိ မိမိတို့၏ အဆက်များကို လှမ်းခေါ်၍ လိုအပ်သော အကြောင်းအချက်များကို ပြောပြခြင်း၊ သတင်းဖလှယ်ခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းတို့ဖြင့် တစ်စားပွဲမှာထိုင်ပြီး ဆွေးနွေးကြရသလို လွယ်ကူအဆင်ပြေပေသည်။

လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ နိုင်ငံတကာအရေး စသည်

mgyoe.com

mgyoe.com


တို့ကို ဆောင်ရွက်ကြရာတွင် သက်ဆိုင်ရာ ခေါင်းဆောင်တို့သည် ရင်းနှီးစွာ တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ဆုံးဖြတ်ဆောင်ရွက်နိုင်ကြပေပြီ။ အထူးသဖြင့် လိုအပ်သည်မှာ စီမံခန့်ခွဲရေး (Management) ကိစ္စသည် ရှေးခေတ်ကနှင့် မတူဘဲ ကမ္ဘာအနှံ့ ကျယ်ပြန့်လျက်ရှိရာ မည်သည့် အဖွဲ့အစည်းမှာပင်ဖြစ်စေ၊ စီမံခန့်ခွဲရေးသည် လုပ်ငန်းဆောင်ရွက်ရာတွင် အလွန်အရေးပါလျက် ရှိလေသည်။

သတင်းပေးပို့ဖလှယ်မှု ပညာတွင် တိုးတက်လာသည်နှင့် အမျိုးစီးပွားရေးလုပ်ငန်းကြီးများသည် သတင်းအခြေခံ အဖွဲ့အစည်းများအဖြစ်သို့ မပြောင်းမနေသာ ပြောင်းကြရသည်သာ ဖြစ်ပေသည်။ စီမံခန့်ခွဲရေးကိစ္စသည် စီးပွားရေးမှာသာမက လူမှုရေး၊ အုပ်ချုပ်ရေး စသည့် အရေးများတွင်လည်း တစ်နေ့တခြား အရေးပါသည်ထက် ပါလာလေသည်။

စီမံခန့်ခွဲရေးကဏ္ဍသည် လုပ်ငန်းအဖွဲ့အစည်း၏ မဏ္ဍိုင်ဖြစ်ပေရာ ယင်းကိစ္စကို အဖွဲ့အစည်း ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ အရေးထား၍ စီစဉ်ရန် လိုအပ်သည်။ အဖွဲ့အစည်းကြီးလျှင် ကြီးသည့် အလျောက် ထိုကိစ္စသည် ပို၍အရေးကြီးလာသည်။ စီမံခန့်ခွဲရေး အတတ်ပညာပိုင်းတွင် အများက ဆရာတင်ခြင်းခံရသော ပိတာဒရပ်ကားက စီမံခန့်ခွဲရေး ကိစ္စဆောင်ရွက်ရာတွင် ရှေးခေတ်က လုပ်ရပ်တစ်ခုကို စံအဖြစ် ဖော်ပြသည်။ ယင်းသည်ကား ဗြိတိသျှကိုလိုနီခေတ်တွင် အုပ်ချုပ်ရေးစနစ် ဖြစ်၏။

အိန္ဒိယနိုင်ငံကို ဗြိတိသျှတို့ အုပ်စိုးသောအခါ အစိုးရအာဏာလွှဲအပ်ခံရသော ဒေသအုပ်ချုပ်ရေး အရာရှိများအား ဆောင်ရွက်စေ သောတာဝန်တစ်ခုသည် ဒေသရောက် အုပ်ချုပ်ရေး အရာရှိများက ဗဟိုဌာနသို့ အစဉ်မပြတ် အစီရင်ခံကြရခြင်း၊ ယင်းတို့ကိုလည်း လက်အောက်ခံ အရာရှိများက အခြေအနေအရပ်ရပ်ကို အပတ်စဉ် လစဉ်အစဉ်မပြတ်

mgyoe.com

mgyoe.com


သတင်းပို့ အစီရင်ခံကြရခြင်းဖြစ်သည့် တာဝန်ပင် ဖြစ်လေသည်။

ပီတာဒရပ်ကားက ထိုခေတ်က ဗြိတိသျှမြို့ပြ အရာရှိများ၏ လုပ်ရပ်သည် စံယူဖွယ်ဖြစ်သည်ဟု ဆိုသည်။ သူက ထိုသတင်းပို့ အစီရင်ခံမှုစနစ်သည် ဒေသအသီးသီးသို့ ဖြန့်၍ စီမံခန့်ခွဲရသည့်ကိစ္စတွင် အလွန်ထိရောက်သော အကျိုးပေးမှုပြုသည်ဟု ဆိုသည်။ နယ်ခေါင်းဆောင်အရာရှိများ (တိုင်းမင်းကြီး၊ ခရိုင်ဝန် စသည်တို့) သည် ယင်းတို့ စီမံအုပ်ချုပ်ရသော နယ်အကြောင်းကို အစုံအလင် သိနေရသည်။

အပတ်စဉ် အစီရင်ခံစာများကို လက်အောက်အရာရှိ (မြို့အုပ်၊ နယ်ပိုင်၊ ဝန်ထောက်) တို့က အချိန်မှန်မှန် ပို့ကြရသည်။ အပတ်စဉ် အစီရင်ခံစာမှာ နေ့စဉ်မှတ်တမ်း (ဒိုင်ယာရီ) ပုံစံဖြစ်သည်။ အထက်အရာရှိထံသို့ရောက်၍ ဖတ်ကြည့်သည့်အခါ အသေးစိတ် အချက်အလက်များ လိုချင်သည့်အခါ သက်ဆိုင်ရာ အကြောင်းရပ် ဘေးနားတွင် မှတ်ချက်ရေး၍ ပြန်ပို့သည်။ ထိုအခါ လက်အောက်အရာရှိက လိုအပ်သော အချက်အလက်များကို စုံစမ်းလေ့လာပြီးလျှင် သီးသန့် အစီရင်ခံစာ ပုံစံဖြင့် ပြန်၍ တင်ပြရသည်။

လစဉ် အစီရင်ခံစာမှာ လက်အောက်အရာရှိအသီးသီးက မိမိတို့အုပ်ချုပ်ရသော ဒေသများ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး အခြေအနေတို့ကို အကွက်စေ့စေ့ တိုတိုတုတ်တုတ် ရေးသားဖော်ပြကြရသည်။

တစ်ဖန် ခရိုင်တိုင်း အရာရှိကြီးများက ဗဟိုပြည်ထဲရေးဌာနအတွင်းဝန်ထံသို့ အစီရင်ခံကြရသည်။ အစီရင်ခံစာ ရေးသားသော အတတ်ပညာသည်လည်း လေ့လာ၍ တတ်မြောက်အပ်သော အတတ်ပညာတစ်ခု ဖြစ်သည်။

'အနှစ်ချုပ်' (Precis) ပုံစံဖြင့် အသားပါပါ တိုတိုတုတ်တုတ်

mgyoe.com

mgyoe.com


ရေးတတ်ခြင်းသည် လေ့ကျင့်ဆည်းပူးအပ်သော ပညာတစ်ရပ်ဖြစ်သည်။ စကားစပ်၍ ပြောရပါမူ ယခုအခါတွင် ကျောင်းများ၌ ယင်း 'ပရက်ဆေး' ရေးနည်းကို အတော်ကြီး လျစ်လျူရှုထားသည်ကို တွေ့ရသည်။

မသင့်တော်သည့်အခြေသို့ ဆိုက်နေပြီဟုပင် ဆိုရချေတော့မည်။ မြန်မာဘာသာတွင် အနှစ်ချုပ်ရေးနည်းကို သင်ပေးသေးသည် ထင်ပါသည်။ သို့သော် ကျောင်းသူကျောင်းသားများ မည်ရွေ့မည်မျှ တတ်ကျွမ်းကြသနည်းဟူသည်မှာ အဖြေမှန် ရခဲလှသည့် မေးခွန်းတစ်ခုပင် ဖြစ်နေချေသည်။

'အစီရင်ခံစာ' ဟု ရှေးခေတ်အခေါ် (အင်္ဂလိပ်လို Report) သည် အဖွဲ့အစည်းများအဖို့ အရေးပါလှ၏။ အဖွဲ့အစည်းကြီးလေလေ ထိုသတင်းပို့မှုသည် ပို၍ အရေးပါပေသည်။ ဝေးလံသောဒေသများတွင် ထားရသော ဌာနခွဲတို့က အစဉ်မပြတ် သတင်းပို့နေရန် လိုအပ်၏။ သို့မှသာ ဗဟိုအာဏာပိုင်တို့အဖို့အပေါ်မှ လွှမ်းခြုံကြည့်ကာ လိုအပ်သော ဆုံးဖြတ်ချက်ကို မှန်ကန်စွာ ချမှတ်နိုင်ရေးတွင် အရေးပါလှသည်။

ယင်းစနစ်သည် အုပ်ချုပ်ရေး အဖွဲ့များမှာသာ လိုအပ်သည် မဟုတ်။ စီးပွားရေး အဖွဲ့ကြီးများ၊ လူမှုရေးအဖွဲ့ကြီးများတို့တွင်လည်း လိုအပ်ပေသည်။ စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်ရန် အချိန်ကာလသည် ရောက်စပြုပြီဖြစ်ရာ ကုမ္ပဏီကြီးများသည် ဒေသအသီးသီးတို့တွင် ကိုယ်စားလှယ်များ၊ ဌာနခွဲများ၊ ဆိုင်ခွဲကြီးများ ဖွင့်လှစ်၍ စီးပွားရေးလုပ်ငန်းကို ကျယ်ပြန့်စွာ လုပ်ဆောင်ကြရပေတော့မည်။

ယခုခေတ်တွင် ရေဒီယို၊ တယ်လီဖုန်းများ၊ ရုပ်မြင်သံကြား အဆက်အသွယ်များ စသည်တို့ ပေါ်ပေါက်လျက်ရှိရာ ကျွန်တော်တို့နိုင်ငံတွင် အနည်းဆုံးတော့ တယ်လီဖုန်း အဆက်အသွယ်များ ယခင်ကထက် ပိုမိုမြန်ဆန်စွာ ပြုနိုင်ပေပြီ။ ထိုအဆက်အသွယ်များ မပြတ်သင့်ဘဲ

mgyoe.com

mgyoe.com


မပြတ်ရန် ဝန်ဆောင်အဖွဲ့များက အထူးဂရုစိုက်၍ ဆောင်ရွက်ပေးကြသည်ဟု မျှော်လင့်ပါသည်။ အရေးအကြောင်းပေါ်လာလျှင် တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ချက်ချင်း အစီရင်ခံနိုင်သည်မှန်၏။ သို့သော် သေချာကျနစွာ လေ့လာရမည့် အကြောင်းကိစ္စများမှာ နှုတ်ဖြင့်ချည်း မပြီးမြောက်နိုင်ပေ။

လတ်တလော သဘောဖြင့် နှုတ်ဖြင့် အကြောင်းကြားပြီး ဆွေးနွေးတိုင်ပင်နိုင်သော်လည်း အသေးစိတ် လေ့လာရန် လိုသောကိစ္စများ ကျယ်ပြန့်သော အဓိပ္ပာယ်သက်ရောက်သည့် ကိစ္စများမှာ စာဖြင့် အစီရင်ခံရန် လိုအပ်ပေသည်။ ထို့ကြောင့် အဖွဲ့အစည်း အကြီးအငယ် အရွယ်မရွေးမှာ စာပေးစာယူကိစ္စသည် အရွယ်ပမာဏ လိုက်၍ အကြီးအငယ် ဖြစ်ရပေလိမ့်မည်။ ကုမ္ပဏီကလေးများအစ ဖက်စစ်ကော်ပိုရေးရှင်းကြီးများအထိ 'သတင်း' များ စုဆောင်းရန် လိုအပ်သည်။ ('သတင်း' ဆိုသည်မှာ 'သိအပ်သောစကား'၊ 'သိအပ်သော သိသင့်သော အကြောင်းအချက်' ပင် ဖြစ်၏ ။)

သတင်းသည် ကြားသိရရှိသမျှ အကြောင်းအချက် ပေါင်းစုံ မဟုတ်။ ရသမျှ အချက်အလက် အားလုံးသည် သက်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အတွက် သတင်းမဟုတ်၊ ရသမျှ အကြောင်းအချက်များထဲမှ [illegible]ပ်သော မိမိ၏လုပ်ငန်းကိစ္စများအတွက် စပ်လျဉ်းသော သက်ဆိုင်သော အထောက်အပံ့ အထောက်အကူပြုမည့် အကြောင်းအချက်များသာလျှင် သတင်းဖြစ်ပေသည်။ ဥပမာ– အုပ်ချုပ်ရေးအဖွဲ့အစည်းဆိုလျှင် နယ်ပယ်အခြေအနေ အရပ်ရပ်တို့နှင့် စပ်လျဉ်းသည့် အကြောင်းအချက်များထဲမှ အုပ်ချုပ်ရေးနှင့် သက်ဆိုင်သည့် လုံခြုံရေးနှင့် သက်ဆိုင်သည့် လုံခြုံရေး၊ တရားဥပဒေစောင့်ထိန်းမှုအခြေအနေ စသည်တို့ ဖြစ်သည်။ ပညာရေး၊ ဘာသာရေး၊ စီးပွားရေး စသည်တို့သည်လည်း

mgyoe.com

mgyoe.com


ကြီးသောအရေးများ ဖြစ်ပါ၏။ အုပ်ချုပ်ရေးနှင့် တိုက်ရိုက် မသက်ဆိုင်ပေ။ ပညာရေးကို ပညာရေးဌာန၊ ဘာသာရေးကို သာသနာရေးဌာန၊ စီးပွားရေးကို စီးပွားရေးဌာန စသည်ဖြင့် တိုက်ရိုက်သက်ဆိုင်ရာဌာနများမှ မိမိတို့အဖို့ လိုအပ်သော အကြောင်းအချက်များကိုသာ ပဓာနထား၍ စုဆောင်းရမည်သာ ဖြစ်သည်။

အကယ်၍ ထိုဌာနများမှာ အဆင်မပြေ၍ လုံခြုံရေး၊ တရားဥပဒေ စောင့်ထိန်းရေး စသည်တို့ ပျက်ပြားမည့် အကြောင်းပေါ်လာလျှင် ပြဿနာသည် အုပ်ချုပ်ရေးအပိုင်းသို့ ရောက်သွားလိမ့်မည်။

စီးပွားရေး အဖွဲ့အစည်း (ကုမ္ပဏီကော်ပိုရေးရှင်းတစ်ခုအဖို့ သတင်းမှာ ယင်းအဖွဲ့အစည်းက လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သော အကြောင်းအချက်တို့သည်သာလျှင် သတင်းဖြစ်သည်။ ဥပမာ–ပဲများ၊ နှမ်းများ ရောင်းဝယ်ရေး အဖွဲ့အစည်းဆိုလျှင် ပဲစိုက်ပျိုးရေး အခြေအနေ ပဲအမျိုးအစားတို့၏ထွက်နှုန်း သို့မဟုတ် ထွက်မည့်အလားအလာ (နှမ်းသည်လည်း ထိုနည်းအတိုင်းပင်) ယင်းအကြောင်းတို့နှင့် ပတ်သက်စပ်လျဉ်းသည့် အကြောင်း အချက်များသည် သတင်းပင် ဖြစ်၏။ ကျန် အကြောင်းအချက်တို့မှာ ပဓာနမဟုတ်ချေ။ သို့သော် အချို့ကို ဗဟုသုတသဘောလေ့လာနိုင်ရန် သီးသန့်ဖော်ပြနိုင်သည်။ သို့မှသာ အထွေထွေအခြေအနေ၏ရုပ်ပုံလွှာသည် ပေါ်လာပေမည်။

ယင်းသို့ဆိုလျှင် သတင်းများကို အဆင့်ဆင့်ပို့ခြင်း ပြန်လည်စုံစမ်းခြင်း၊ ပြန်လည်သုံးသပ်စေခြင်း၊ ဆွေးနွေးခြင်း စသည်တို့ကို ဗဟိုဌာနနှင့် ဌာနခွဲ (ဒေသန္တရဌာနများ) အပြန်အလှန် လုပ်နိုင်သည်။ သို့မှသာလျှင် လုပ်ငန်းတစ်ခုလုံးနှင့် သက်ဆိုင်သော လုပ်ငန်းစဉ်၊ တာဝန်ခွဲဝေမှု စသည့်ကိစ္စများအတွက် မှန်ကန်တိကျနိုင်သလောက် တိကျ

mgyoe.com

mgyoe.com


မှန်ကန်စွာ ဆုံးဖြတ်ချက် ချနိုင်ပေလိမ့်မည်။

လုပ်ငန်းဦးတည်ချက်နှင့်အညီ တိုးတက်အောင်မြင်စွာ 'လက်ညီတက်ညီ' လုပ်ဆောင်နိုင်ရန် 'မဟာဗျူဟာ' ကို အတည်ပြုဆုံးဖြတ်ပြီးလျှင် သက်ဆိုင်ရာ တာဝန်ခံအသီးသီးက ထိုဆုံးဖြတ်ချက်အတိုင်း ဖြစ်မြောက်စေရန် မိမိတို့တာဝန်ကျသော လုပ်ငန်းတာဝန်များကို မိမိတို့ ရောက်ရှိနေသော ဒေသ၏ အခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစားလျက် ဆောင်ရွက်သင့်သည်တို့အတွက် 'နည်းဗျူဟာ' များ ချမှတ်၍ ဆောင်ရွက်နိုင်ကြပေမည်။

သတင်းအခြေခံ အဖွဲ့အစည်းတို့သည် ယနေ့ ထွန်းကားလျက်ရှိသော နိုင်ငံများတွင် ပေါ်ထွန်းလျက် ရှိကြသည်။

ယနေ့သည် 'သတင်းခေတ်' ဖြစ်၏။ ဆက်သွယ်မှု ကိရိယာများ တီထွင်ထုတ်လုပ်ထားပြီးလျှင် ပို၍ ကောင်းမွန်ထက်မြက်စေရန် သိပ္ပံနှင့်နည်းပညာတို့က အမြဲတစေ ဆောင်ရွက်နေကြသည်။ ထိုထက်မြက်သော ကိရိယာများကို အသုံးပြုကာ ကြီးမား၍ နယ်အနှံ့ရောက်ရှိနေသော စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတို့သည် စည်းလုံးညီညွတ်သော မိသားစုကြီးသဖွယ် နိုင်ငံအကျိုး မိမိတို့၏အကျိုးတို့ကို ဆောင်ရွက်လျက် ရှိကြပေသည်။

❒

mgyoe.com